# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၀)



## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ “Roscosmos” နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ “Roscosmos” နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ “Roscosmos” နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





❖ *ရှေ့ဖုံးမှ*


အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ၊ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်းနှင့် မြန်မာအာကာသ အေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာနည်းပညာအသုံးပြုမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာကာသပြတိုက် (ရန်ကုန်)ကို အဆင့်မြှင့်တင်နိုင်ခဲ့မှုနှင့် လူငယ်များအနေဖြင့် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မျိုးဆက်သစ်လူငယ်များအား အာကာသနည်းပညာဆိုင်ရာ ဗဟုသုတများပိုမိုရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာကာသနည်းပညာနှင့်သက်ဆိုင်သည့် ပညာတော်သင် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

> **❝ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်းနှင့် မြန်မာအာကာသအေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာနည်းပညာအသုံးပြုမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာကာသပြတိုက် (ရန်ကုန်)ကို အဆင့်မြှင့်တင်နိုင်ခဲ့မှုနှင့် လူငယ်များအနေဖြင့် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသောရည်ရွယ်ချက်များဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ❞**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် (၄)ကြိမ်မြောက် အနာဂတ်နည်းပညာများဆိုင်ရာ ဖိုရမ်တက်ရောက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ World Trade Center ၌ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တွင် ကျင်းပသည့် (၄) ကြိမ်မြောက် အနာဂတ် နည်းပညာများဆိုင်ရာဖိုရမ်သို့ တက်ရောက်သည်။

ဖိုရမ်တွင် ဇီဝစီးပွားရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုသုတေသနများ၊ ဇီဝနည်းပညာ အသုံးပြု စွန့်ပစ်ပစ္စည်းများမှ ကုန်ပစ္စည်း အသစ်ထုတ်လုပ်နိုင်မှုများ၊ ဇီဝဂေဟစနစ် သဘောသဘာဝများ၊ ဇီဝနည်းပညာအခြေပြု တွက်ချက်မှုစနစ်များ တီထွင်ဖန်တီးမှု၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ဇီဝနည်းပညာအသုံးချနိုင်မှုများ၊ ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ အစိမ်းရောင်စွမ်းအင်စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍ ပြခန်းများ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က အထူးဧည့်သည်တော်အဖြစ်တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် အနာဂတ် နည်းပညာအခန်းကဏ္ဍ၌ ဇီဝနည်းပညာနှင့် သတင်းအချက်အလက် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာတို့၏ အရေးပါမှုတို့ကို အလေးထားပြောကြားသည်။

အဆိုပါဖိုရမ်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့ ပါဝင်တက်ရောက်ခဲ့ပြီး ဆက်နွှယ်သည့် နည်းပညာကဏ္ဍအလိုက် စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း၊ ပြခန်းများလှည့်လည်ကြည့်ရှုခြင်း၊ ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှား-မြန်မာ အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် အာကာသကော်ပိုရေးရှင်းမှ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာအာကာသအေဂျင်စီ (MSA)၌ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ ရုရှား-မြန်မာ အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ထို့နောက် Mr. Dmitry V. Bakanov နှင့်အဖွဲ့သည် မြန်မာအာကာသအေဂျင်စီ (MSA)မှတာဝန်ရှိသူများ လိုက်ပါ၍ ဒဂုံမြို့နယ် အလုံလမ်းရှိ အာကာသပြတိုက်၌ လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်မြို့နယ်) မှ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ Mr. Dmitry V. Bakanov က အာကာသနည်းပညာအကြောင်းကို ဟောပြောပို့ချခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာသည့် ဆိုဗီယက်ပြည်ထောင်စု သူရဲကောင်းဘွဲ့နှင့် ရုရှားနိုင်ငံ၏ သူရဲကောင်းဘွဲ့ချီးမြှင့်ခြင်းခံရသူ အာကာသယာဉ်မှူး Mr. KRIKALEV Sergei Konstantinovich က အာကာသသို့ ပျံသန်းခြင်းဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

❐ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဖောင်တော်ဦး မြတ်စွာဘုရား ဖောင်ဆိပ်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီးများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်ငါးဆူအား ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညို ကန်တော့ပြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူကာ ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၍ တာဝန်ရှိသူများက အင်းလေးဒေသဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ညောင်ရွှေဒေသရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ဖြန့်ခွဲပေးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများအား ငလျင်ဘေးဒဏ်သင့် ပြည်သူများ၏ လက်ဝယ်သို့ အမှန်တကယ်ရောက်ရှိရေး၊ ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသည်များကိုလည်း အမြန်ဆုံးပြီးပြတ်အောင် ထောက်ပံ့ပေးအပ်နိုင်ရေး၊ နိုင်ငံတော်အစိုးရမှ ပေးအပ်ထားသည့် ထောက်ပံ့ငွေများအား လေလွင့်ဆုံးရှုံးမှုမရှိစေရေး ငလျင်ဒဏ်ခံစားခဲ့ရသည့် အင်းလေးဒေသ အမြန်ဆုံးမူလအခြေအနေထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စနစ်တကျစီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖောင်တော်ဦးဘုရားရုပ်ပွားတော်မြတ်ငါးဆူအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

**လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့်အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများကို ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များက မူလလက်ရာမပျက် ပြန်လည်ပြုပြင်ထားရှိမှုများ၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့အတွက် စက်ယန္တရားများဖြင့်စက်တပ်ရေယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေး ရေလမ်းကြောင်းရှိ ဒိုက်ဖတ်များ၊ မှော်များ၊ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်ကြီးသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ပင်မစံကျောင်းတော်၏ ခိုင်မြဲမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိသော်လည်း မြောက်အရပ်ပင်မလှေကားထိပ်နှင့် ပင်မစံကျောင်းတော် ထိစပ်နေရာ၌ အနည်းငယ်ထိခိုက်မှုရှိပြီး ကျန်အရှေ့၊ အနောက်၊ တောင်ဘက် အရပ်မျက်နှာရှိ လှေကားထိပ်နှင့် စံကျောင်းတော်မှာ မူလကပင် တွဲဆက်ထားခြင်း မဟုတ်သည့်အတွက် ၃ လက်မမှ ၆ လက်မအထိ ကွာဟသွားခဲ့ကြောင်း၊ အဆိုပါအခြေအနေအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရား မူလကျောင်းဆောင် အောက်ခြေသံကူကွန်ကရစ် ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော် အရှေ့ဘက်၊ အနောက်ဘက်မုခ်ဦး စောင်းတန်းလှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်း တောင်ဘက်မုခ် လှေကားနှင့် မြောက်ဘက် အာရုံခံတန်စောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက် အဆောင် ၁၀၀ ရာခိုင်နှုန်း ပြန်လည်ပြုပြင်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်းနှင့် မြောက်ဘက်မုခ်ရှိ လှေကားအနေဖြင့် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီ အပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ် မတ်စောက်သည့်အတွက် လှေကားအသစ်ပြန်လည် တည်ဆောက်လျက်ရှိကြောင်းနှင့် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောမြို့ စစ်ဦးစီးတက္ကသိုလ်ရှိ သင်တန်းသားအရာရှိကြီးများအား စစ်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား အသေးစိတ် ဆွေးနွေးမှာကြားစဉ်။

ထို့အပြင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ကျောင်းအုပ်ကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ တပ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေး မှာကြားခဲ့သည်။ အလားတူ ယနေ့ ညနေပိုင်းတွင်လည်း ကလောမြို့ စစ်ဦးစီးတက္ကသိုလ်ရှိ သင်တန်းသားအရာရှိကြီးများအား စစ်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အာဟာရသုခဈေး၌ မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများသည့် ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းတွင် မီးလောင်မှု ဖြစ်ပွားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေးသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မီးလောင်မှုဖြစ်ပွားခဲ့သည့် ရုံအမှတ် (၈) ရှိ မီးလောင်ပျက်စီးခဲ့မှုအခြေအနေနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆိုင်ခန်းပိုင်ရှင်များအား တွေ့ဆုံအားပေး စကားပြောကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေးတွင် ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီ ၄၆ မိနစ်ခန့်တွင် ဈေးရုံ၏ ရုံအမှတ် (၈)မှ စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီ သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်းနှင့် ဈေးရုံ ငါးရုံအနက် ဈေးရုံ တစ်ရုံရှိ ဆိုင်ခန်းပေါင်း ၂၄၀ ခန့် မီးလောင်ပျက်စီးခဲ့ပြီး ဈေးကြီးအတွင်းရှိ မီးလောင်ပျက်စီးမှုတွင် ပါဝင်ခြင်းမရှိသည့် ကျန်ဈေးရုံများနှင့် ဈေးဆိုင်ခန်းများတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဈေးဆိုင်ခန်းများကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရောင်းချနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) လေ့လာဆန်းစစ်အကဲဖြတ်ခြင်း အညွှန်းဘောင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) လေ့လာဆန်းစစ်အကဲဖြတ်ခြင်း အညွှန်းဘောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကအကျဆုံးသည် အခြေခံပညာနှင့်အဆင့်မြင့်ပညာကဏ္ဍများပင်ဖြစ်ကြောင်း၊ အခြေခံပညာရေး ကဏ္ဍတွင် နိုင်ငံတော်၏ မူဝါဒကိုကြည့်မည်ဆိုပါက KG+9 ပြီးမြောက်အောင်မြင်စေရန် ကျောင်းသားကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်များဖြင့် သင်ယူနေကြကြောင်း၊ သင်ကြားသည့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်မီစေရန် အခြေခံပညာဦးစီးဌာနက စီမံကိန်းများရေးဆွဲရာတွင် ဘတ်ဂျက် ရေးဆွဲခြင်းများဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ယင်းသို့ ပံ့ပိုးပေးသည့် ဘတ်ဂျက်များ ထိရောက်မှု ရှိ၊ မရှိ စစ်ဆေးတိုင်းတာနိုင်ရန် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစနစ်သည် အင်မတန်အရေးကြီးကြောင်း။

အခြေခံပညာ၏ လိုအပ်ချက်ဖြစ်သည့် အရည်အသွေးကောင်းသော ဆရာ ဆရာမများကို မွေးထုတ်ပေးနိုင်ရန် ပညာရေးတက္ကသိုလ်များတွင် Teachers Competency framework ရှိပြီး Framework နှင့်အတူ စီမံကိန်းများ ရေးဆွဲရကြောင်း၊ ယင်းပေါ်တွင် မူတည်၍ ဘတ်ဂျက်များ ချထားပေးခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ ဦးစီးဌာနများက ဘတ်ဂျက်နှင့် လိုက်လျောညီထွေဖြစ်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနတွင် ဆရာ ဆရာမများ၏ သုတေသနလုပ်ငန်းများ ရှိကြောင်း၊ သုတေသနများအတွက် စီမံကိန်းများ ရေးဆွဲရပြီး ဘတ်ဂျက်များ ခွဲဝေရခြင်းဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် framework ပေါ်တွင်အခြေခံပြီး တိုင်းတာဆန်းစစ်မည်ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ် အသုံးပြုခြင်းဖြင့် ပညာရေးဝန်ကြီးဌာန၏ အထောက်အထား အခြေပြုမူဝါဒများ ချမှတ်ရာတွင် အားကောင်းလာစေမည် ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်က ရရှိလာသည့် အထောက်အထားများနှင့် သင်ခန်းစာများကို အသုံးပြုပြီး စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေ လျာထားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေး ပြုပြင်ပြောင်းလဲမှု၏ အရည်အသွေးနှင့် ထိရောက်မှုကို အကဲဖြတ်နိုင်ရန် စီမံကိန်းကာလအတွင်း (၂၀၂၆ ခုနှစ်)နှင့် စီမံကိန်းကာလအပြီး (၂၀၃၀ ပြည့်နှစ်) တို့တွင် အခြေအနေကို အကဲဖြတ်သုံးသပ်မှုလုပ်ငန်း အစီအစဉ်များ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ အကဲဖြတ် သုံးသပ်မှုများသည် ပညာရေး ဆောင်ရွက်ချက်များ ပိုမိုတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ၏ ရည်မှန်းချက်ပန်းတိုင်နှင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် မဟာဗျူဟာမြောက်အပြောင်းအလဲ ၁၀ ရပ်ကို ပေါက်မြောက် အောင်မြင်နိုင်စေရန်အတွက် စုပေါင်းအင်အားနှင့် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အညွှန်းဘောင်နှင့်အညီ လေ့လာဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)၏ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်မှုကို ပိုမိုတိုးတက် အားကောင်းလာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲရည်ရွယ်ချက်နှင့် အဓိကရလဒ်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအသီးသီးမှ တက်ရောက်လာကြသူများက အုပ်စုများခွဲ၍ အပိုင်း(၁)နှင့် အပိုင်း (၂) တို့ကို ဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးနိုင်ရန် ဆင်သေရေလှောင်တမံမှ ဆည်ရေများအဆင်ပြေစွာ ရေပေးဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တပ်ကုန်းမြို့နယ်ရှိ ဒေသခံတောင်သူကြီးများ နွေစပါးနှင့် နွေသီးနှံ အချိန်မီ ပြည့်ဝစွာစိုက်ပျိုးနိုင်ရေးအတွက် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းမှ စတင်ရေပေးဝေလျက်ရှိကြောင်း၊ ယခင်နှစ် နွေစပါးရေပေးရာသီတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့သော်လည်း နွေစပါး၊ နွေသီးနှံများ ထိခိုက်ပျက်စီးမှုမရှိအောင် ယာယီအစီအစဉ်များ ဖြင့် ရေပေးဝေခဲ့ပြီး ယခုနှစ်တွင်လည်း ရေသောက်စနစ်များ ပြန်လည် ပြုပြင်နိုင်ခဲ့ပြီးဖြစ်သဖြင့် နွေစပါး၊ နွေသီးနှံ လျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်၍ ရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် နွေစပါး၊ မိုးစပါး အချိန်မီ အောင်မြင်စွာစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နှစ်စဉ် ဆင်သေရေလှောင်တမံမှ ဆည်ရေများကို လက်ဝဲ၊ လက်ယာ မြောင်းမကြီးတို့၏ တိုက်ရိုက်မြောင်း၊ လက်တံမြောင်းနှင့် လက်တံခွဲမြောင်းများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများ အရောက် ဆည်ရေပို့လွှတ် ဖြန့်ဝေပေးလျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိပြီး စပါးနှင့် သီးနှံစိုက်ခင်းများ အောင်မြင်စွာဖြစ်ထွန်းကာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားပြည့်ဝစွာ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ ယခုနှစ် နွေစပါးရာသီတွင် (၂၀၂၅-၂၀၂၆) နွေစပါးနှင့် နွေသီးနှံလျာထားဧက စုစုပေါင်းဧက ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ၅၃၇၉ ဧကမှာ ဆည်ရေဖူလုံစွာရရှိကာ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။



ရေပေးဝေရေး စီမံချက်များရေးဆွဲကာ တောင်သူများအား နွေစပါးနှင့် နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် အသိပေးဆိုင်းဘုတ်များဖြင့် နှိုးဆော်ကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်၍ ရေပေးဝေခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ဘုန်းမြတ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကျင်းပ

## ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ "စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန်" လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ အသက်သတ်မှတ်ချက်နှင့် ကိုက်ညီအကျုံးဝင်သူများအနေဖြင့် သတ်မှတ်ကာလအလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆင့်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဖွဲ့များအနေဖြင့်လည်း ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ထဲမှ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူ ၇၄ ဦးထိရှိပြီဖြစ်ကြောင်း၊ လက်ရှိချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃)ခု ဖွင့်လှစ်တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးဆိုင်ရာ မသမာမှုများမရှိစေရေး၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုရှိစေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးရန်လိုကြောင်း၊ ထို့အတူ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးစားဆောင်ရွက်နေသူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို မမှန်သတင်းများဖြင့်လည်းကောင်း၊ တစ်ဆင့်ကြားသိရသည့် သတင်းမှားများဖြင့်လည်းကောင်း တိုင်ကြားမှုများရှိနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း၊ မမှန်မကန်တိုင်ကြားခြင်းများရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန် လိုအပ်ကြောင်း၊ မမှန်မကန်တိုင်ကြားသဖြင့် တိုင်ကြားသူကို အရေးယူခဲ့ရသည်များလည်းရှိပြီး အရေးယူရန်ဆောင်ရွက်ဆဲအမှုများလည်းရှိကြောင်း၊ အလားတူ လေ့ကျင့်ရေး သင်တန်းကျောင်းများသို့ မပို့ဆောင်မီ စုရပ်များတွင် စိစစ်ရာ၌ အသက်မပြည့်သေးသူများ၊ အသက်ကျော်လွန်သူများတွေ့ရှိရသဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ရသည်များရှိ၍ စစ်မှုထမ်းသက်နှင့် အကျုံးဝင်သူများကို သေချာစွာ စိစစ်ဆင့်ခေါ်ရန် လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ကြားခံလူများက ဥပဒေကို လက်တစ်လုံးခြားဆောင်ရွက်မှုများနှင့် မတရားပြုလုပ်ခြင်းများမှန်ကန်ပါက ထိရောက်စွာ အရေးယူသွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လက်ရှိအနေအထားတွင်လည်း အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရန်လိုကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယား မှန်ကန်ရန်နှင့် ရေရှည်တွင်မှတ်တမ်းထည့်သွင်းမှုလွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှု စနစ်( National Service Information Management System – NSIMS) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အလေးထားစိစစ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ခွင့်ပြုခဲ့သူများမှ ရွှေ့ဆိုင်းခွင့်ပြုခဲ့သူများအား နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် စနစ်တကျမှတ်တမ်းရေးသွင်း၍ ပြန်လည်ဆင့်ခေါ်ရမည့်အချိန်တွင် ရာနှုန်းပြည့်ပြန်လည်ဆင့်ခေါ်နိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

သတ်မှတ် အချိန်ကာလအတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး တပ်မတော်မှနုတ်ထွက်ခဲ့သူများမှ ပြန်လည်နေရာချထားမှုခံယူလိုသူများအတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"ကို ဖွဲ့စည်းထားကြောင်း၊ ယင်းစီမံခန့်ခွဲမှုကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီ (၅)ခု ဖွဲ့စည်းထားရှိပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ်အကိုင်များ၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၂၆**

တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများအချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားကစားကို စိတ်ပါဝင်စားလာစေရန်၊ ဗလငါးတန်ဖြင့်ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်သည့် လူငယ်လူရွယ်များ ဖြစ်လာစေရန် မိမိဝါသနာပါရာ အားကစားနည်းများအား လေ့လာလိုက်စားခြင်းမှ အဆင့်ဆင့် ကျွမ်းကျင်တတ်မြောက်ကာ စဉ်ဆက်မပြတ်လေ့ကျင့်ပြီး နိုင်ငံတော်နှင့် တိုင်းဒေသကြီး ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် နည်းပြများ၏ သင်ကြားပို့ချချက်များကို ကြိုးစားသင်ယူလေ့ကျင့်ပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များ အဆင့်ထိရောက်ရှိအောင် ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများ၏ ဘောလုံး၊ ကရာတေး၊ Fitness Dance သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး သရုပ်ပြသခဲ့ကြသည့် သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများသို့ သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၅၀ တက်ရောက်ပြီး အဆိုပါသင်တန်းတွင် အားကစားနည်း ၁၃ မျိုးကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံဆေးပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ဆေးပညာညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ ဆေးပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ဆေးပညာ ညီလာခံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။






ညီလာခံဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ / ဌာနမှူးများ၊ အာဆီယံနိုင်ငံများနှင့် ပြည်တွင်းပြည်ပမှ ဆေးပညာအထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်**

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ညီလာခံကို "Empowering Physicians for Tomorrow's Challenges" ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နှစ်(၅၀)ခန့် သက်တမ်းရှိ မြန်မာနိုင်ငံ ဆေးပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ဆေးပညာညီလာခံဖြစ်သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ကူးစက်တတ်သောရောဂါများ၊ မကူးစက်တတ်သော နာတာရှည်ရောဂါများ၊ ပိုးသတ်ဆေး ယဉ်ပါးမှုများ၊ မျှော်မှန်း လူ့သက်တမ်းမြင့်မားလာပြီး သက်ကြီးရွယ်အိုလူဦးရေများပြားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် လူနေမှုဘဝပုံစံများ ပြောင်းလဲလာခြင်းများကြောင့် ဆေးပညာလောကတွင် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ဆေးပညာရှင်များအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် နိုင်ငံတကာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ခေတ်မီဆေးကုသမှုနှင့် ရောဂါရှာဖွေရေးနည်းပညာများကို အသုံးချနိုင်အောင် ကြိုးပမ်းလေ့လာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသည့်ခေတ်စနစ်၊ နည်းပညာများနှင့်အညီ Telemedicine၊ အီလက်ထရောနစ် ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်း (Electronic Health record) နှင့် AI နည်းပညာများ၊ Evidence Based Medicine များကို အသုံးချပြီး လူနာများအား ကုသမှုအရည်အသွေးများ မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပြည်သူများ လက်လှမ်းမီနိုင်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများအား အဆင့်မြှင့်တင်ခြင်း၊ ဆေးကုသဆောင်များ တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြင့်ရောဂါရှာဖွေရေးလုပ်ငန်းများအတွက် ခေတ်မီစက်ကိရိယာများ တိုးမြှင့်တပ်ဆင်ဆောင်ရွက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်မှ ရန်ပုံငွေအမြောက်အမြားအသုံးပြု၍ အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် နိုင်ငံတကာသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ Hand On Training များ စေလွှတ်ခြင်း၊ ပညာရပ်ဆိုင်ရာနှင့် အထူးပြုဘာသာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများနှင့် ညီလာခံများသို့ မျိုးဆက်သစ် ဆေးပညာရှင်များအား မူဝါဒချမှတ်စေလွှတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသော မျိုးဆက်သစ်ဆေးပညာ ရှင်များ ပေါ်ထွန်းလာစေရေးနှင့် တိုးတက်ပြောင်းလဲလာသော ဆေးပညာရပ်များကို လေ့လာသင်ယူနိုင်စေရေးအတွက် ဆေးပညာသင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်း၊ အထူးပြုဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းသားများ မွေးထုတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးပညာ ဘာသာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ထွက်လာရေး လေ့ကျင့်သင်ကြားပေးရာတွင် မြန်မာနိုင်ငံဆေးပညာအဖွဲ့၏အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မျိုးဆက်သစ် ဆေးပညာရှင်လူငယ်များကလည်း ဆေးပညာကျင့်ဝတ်နှင့်အညီ ပြည်သူများကို ကုသမှုပေးရမည် ဖြစ်ပါကြောင်း၊ ယခုညီလာခံ၌ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်စသည့် အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံများမှ ဆေးပညာရှင်များ တက်ရောက်၍ ၎င်းတို့၏အတွေ့အကြုံ၊ ဗဟုသုတများ၊ ပြောင်းလဲလာသည့် ဆေးကုသမှုလုပ်ငန်းစဉ်များကို အပြန်အလှန်မျှဝေကြမည်ဟု သိရသည့်အတွက် အကျိုးရှိသောညီလာခံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မျိုးဆက်သစ်ဆေးပညာရှင်များအတွက်အတွေ့အကြုံကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအေးအေးချစ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စာတမ်းဖတ်ကြားမည်**

အဆိုပါညီလာခံကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှဆေးပညာရှင် ၆၃၅ ဦး တက်ရောက်ကြကာ နိုင်ငံတကာ ဆေးပညာရှင် ၁၉ ဦးက စာတမ်းဖတ်ကြားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆေးပညာရှင်များနှင့် ပူးပေါင်း၍ နိုင်ငံတကာမှ ဆေးပညာရှင်များက ဆေးပညာရပ်ဆိုင်ရာဗဟုသုတများ၊ ကုသမှုအတွေ့အကြုံများ၊ ဆေးကုသမှုနည်းလမ်းများ မျှဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအားကစားသမားများအား ဂုဏ်ပြုပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်သည့် Video Clip အား ပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု လေးခု၊ ငွေတံဆိပ်ဆု ၁၁ ခု၊ ကြေးတံဆိပ်ဆု ၁၄ ခုဖြင့် ဆုရရှိခဲ့သည့် အားကစားသမားများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းမှ ရွှေတံဆိပ် နှစ်ခုဖြင့် ဆုရရှိခဲ့သည့် အားကစားသမားများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ရွှေတံဆိပ်ဆုတစ်ခု၊ ကြေးတံဆိပ်ဆုတစ်ခုဖြင့် ဆုရရှိခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွက်လှေအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ ရိုးရာလှေ အားကစားနည်းမှ ကြေးတံဆိပ်ဆု ရှစ်ခု၊ ကနူး/ ကယက် အားကစားနည်းမှ ငွေတံဆိပ်ဆုနှစ်ခု၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ ငွေတံဆိပ်ဆုသုံးခု၊ ကြေးတံဆိပ်ဆုတစ်ခု၊ Teq Ball အားကစားနည်းမှ ငွေတံဆိပ်ဆုလေးခု၊ ကြေးတံဆိပ်ဆုတစ်ခု၊ တိုက်ကွမ်ဒို အားကစားနည်းမှ ကြေးတံဆိပ်ဆုလေးခု၊ ဂျူဒိုအားကစားနည်းမှ ကြေးတံဆိပ်ဆုသုံးခု၊ စစ်တုရင်အားကစားနည်းမှ ကြေးတံဆိပ်ဆုနှစ်ခု၊ လက်ဝှေ့အားကစားနည်းမှ ကြေးတံဆိပ်ဆုနှစ်ခု၊ မြင်းစီးအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု ရရှိခဲ့ကြသည့် အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ဆက်လက်၍အားကစားသမားများကိုယ်စား ခြင်းလုံးအားကစားနည်းမှ ရွှေတံဆိပ်ဆုရှင် မခိုင်သဇင်ဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ



**ဘားအံ ဖေဖော်ဝါရီ ၂၆**

၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေပိုင်းက ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ကျန့်တိတ် တရုတ်အမျိုးသားဘုံကျောင်း၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပိုမိုပူးပေါင်းဆောင်ရွက်**

ဦးစွာ တက်ရောက်လာသူများအား ဘားအံကျန့်တိတ်ဘုံကျောင်းလူကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေမျိုးပေါက်ဖော် ညီအစ်ကိုရင်းချာ စိတ်ဓာတ်ကိုအရင်းခံ၍ အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကာ တရုတ်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ စာပေ၊ ဘာသာစကားတို့ကို လက်ဆင့်ကမ်း ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ကျန့်တိတ်ဘုံကျောင်းလူကြီးများက တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အတူတကွ ညစာသုံးဆောင်ကြကာ Grand Dragon အဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ နှစ်သစ်ကူးအထိမ်းအမှတ် အန်ပေါင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံ အုတ်မြစ်ဖြစ်သည့် တောင်သူလယ်သမားကြီးများကို ထိထိရောက်ရောက် ဂုဏ်ပြုနိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့်နှင့် လျော်ညီစွာ ကျင်းပနိုင်ရေး၊ စည်ကားသိုက်မြိုက်စွာ၊ အနှစ်သာရရှိရှိ အောင်မြင်စွာ ကျင်းပနိုင်ရေး တက်ရောက်လာသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးတို့က (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်မှု အစီအမံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



## ရတနာပုံတက္ကသိုလ်၌ စတုတ္ထအကြိမ် သံဃာ ၁၀၈ ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

ရတနာပုံတက္ကသိုလ်၏ (၂၆) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍ ပါမောက္ခချုပ် အမှူးပြုသော သင်ကြား/စီမံမိသားစုများ စုပေါင်းပြီး အမရပူရမြို့နယ်အတွင်း၌ သီတင်းသုံးတော်မူကြသည့် သံဃာ ၁၀၈ ပါးအား စတုတ္ထအကြိမ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနာဘိဝံသက အနုမောဒနာတရား ချီးမြှင့်ပြီး ပါမောက္ခချုပ်အမှူးပြုသော အလှူရှင် ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်ပြီး ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာ ဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင် အလှူရှင်များက သံဃာအပါး ၁၀၈ ပါးအား ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများကို စုပေါင်း လောင်းလှူခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**

## ရဲနွယ်ရေလွှဲဆည်မှ စိုက်ပျိုးရေများစတင်ပေးဝေ

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းမှ စတင်၍ ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ပေးဝေလျက်ရှိရာ တောင်သူများ နွေစပါးစိုက်ပျိုးမှု အဆင်ပြေနေကြကြောင်း တည်ဆောက်ရေး(၁) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(လှည်းကူး)မှ သိရသည်။



တည်ဆောက်ရေး (၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(လှည်းကူး) အနေဖြင့် ဒေသခံတောင်သူများ နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် ရဲနွယ်ရေလွှဲဆည်မှ ဆည်ရေများကို ရဲနွယ်လက်ဝဲတူးမြောင်းမကြီးမှ လယ်ယာမြေစိုက်ခင်းများအထိ စိုက်ပျိုးရေပေးဝေလျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာ ရရှိသောကြောင့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အဆင်ပြေလျက်ရှိသည်။

ယခုနှစ် နွေစပါးစိုက်ရာသီတွင် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်း တောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် လျာထားစိုက်ဧက ၅၀၀၀ အတွက် လိုအပ်သော စိုက်ပျိုးရေကို ယခုနှစ် ဇန်နဝါရီ ၁ရက် နံနက်ပိုင်းမှစတင်၍ ရေပေးဝေမည်ဖြစ်ကြောင်း တောင်သူများအား အသိပေးနှိုးဆော်ခဲ့ပြီး ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ရဲနွယ်ရေလွှဲဆည်ရေဖြင့် ညောင်လေးပင်မြို့နယ်၌ နွေစပါးဧက ၄၈၀၀ နှင့် ကျောက်တံခါးမြို့နယ်၌ နွေစပါးဧက ၂၀၀ စုစုပေါင်းလျာထား ဧက ၅၀၀၀ ကို ပြည့်မီစွာစိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

❖ *ကျောဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းသည် အဓိက တိုက်စစ်ကစားသမား အမ်ဘာပေ ထိခိုက်ဒဏ်ရာကြောင့် ပါဝင်လာနိုင်ခြင်းမရှိသော်လည်း ဂွန်ဇာလိုဂါစီယာ၊ ဗင်နီစီးယပ်စ်တို့ကို အားပြုကာ ဘင်ဖီကာအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲချိန် ၁၄ မိနစ်တွင် ရာဖာဆေးလ်ဗားက ဘင်ဖီကာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီး နှစ်မိနစ်အကြာ ပွဲချိန် ၁၆ မိနစ်တွင် ချူအာမန်နီက ရီးရဲမက်ဒရစ်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သည်။

ဘင်ဖီကာအသင်း၏ တုံ့ပြန်တိုက်စစ်ဆင်မှုများမှာ ထိရောက်မှုသာရှိခဲ့ပြီး သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ရီးရဲမက်ဒရစ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် ဗင်နီစီးယပ်စ်က သွင်းယူပေးခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် အတ္တလန္တာက ဒေါ့မွန်ကို လေးဂိုး-တစ်ဂိုး၊ ဂျူဗင်တပ်စ်က ဂါလာတာစရေးကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ပီအက်စ်ဂျီနှင့် မိုနာကိုအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်များမှ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်း ယှဉ်ပြိုင်ကစားပြီးသည့် ပွဲစဉ်များတွင် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ နှစ်ကျော့ပေါင်းရလဒ်ဖြင့် အတ္တလန္တာ၊ ဂါလာတာစာရေးနှင့် ပီအက်စ်ဂျီအသင်းတို့ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# ကြိုတင်ခန့်မှန်း၍ မရနိုင်သော ငလျင်ဘေးအန္တရာယ်

ဒေါက်တာ ယဉ်မျိုးမင်းထွေး (မိုး/ဇလ)

**❑ မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေသော အဓိကပြတ်ရွေ့ကြီးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့အပြင် ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ မိုးမိတ်ပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ ရွှေလီပြတ်ရွေ့၊ ဖာပွန်ပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့ စသည့် ပြတ်ရွေ့များအပြင် ပြတ်ရွေ့ငယ်များစွာ တည်ရှိနေပါသည်။ အဆိုပါပြတ်ရွေ့များ ရွေ့လျားမှုကြောင့် ပြတ်ရွေ့များတည်ရှိရာဒေသများနှင့် အိန္ဒိယမြေထုချပ်သည် မြန်မာမြေထုချပ်အောက်သို့ တိုးဝင်မှုဖြစ်စဉ်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံအနောက်ဘက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် အဆိုပါဒေသများတွင် ငလျင်ဘေးအန္တရာယ်အားသတိပြု၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်**

မြန်မာနိုင်ငံသည် ဘူမိဗေဒ အထောက်အထားများအရ ငလျင်လှုပ်ရှားမှု တွေ့ကြုံခံစားရနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အတိတ်ကာလကလည်း အပျက်အစီးများရှိသော အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားခဲ့ဖူးပါသည်။ မြေထုချပ် (Plate) ဟုခေါ်သော ကျောက်သားထုချပ် နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိရာမှ တစ်ခုက အခြားတစ်ခုအောက်သို့ ငုပ်လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုက တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာကာ အဆိုပါတွန်းတိုက်သည့်နေရာတွင် အားများ တဖြည်းဖြည်းစုစည်းမိလာကာ တစ်ချိန်တွင် စုစည်းမိသောအားများ ရုတ်တရက် ရုန်းကန်၍ အဘက်ဘက်သို့ ပြန့်ထွက်သွားပါသည်။

အဆိုပါအားများ (စွမ်းအင်များ) ဖြတ်သွားရာလမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါ၍သွားခြင်းကို ငလျင်လှုပ်သည်ဟု ခေါ်ဆိုကြပါသည်။ ငလျင်အန္တရာယ်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူနေမှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်အန္တရာယ်ကို အထူးဂရုပြုကြရန် လိုအပ်ပါသည်။

ငလျင်လှုပ်ရသည့် အကြောင်းရင်းကိုလိုက်၍ ငလျင်ကို သုံးမျိုးခွဲခြားနိုင်သည်။ ယင်းတို့မှာ (၁) မြေထုချပ်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်သောငလျင် (၂) မီးတောင်ပေါက်ခြင်းကြောင့် ဖြစ်ပေါ်သောငလျင်နှင့် (၃) လူလုပ်ငလျင် တို့ဖြစ်ပါသည်။

ကမ္ဘာ့မြေကြီးကို မြေထုချပ်များဖြင့် ဖွဲ့စည်းထားပြီး ယင်းမြေထုချပ်များပေါ်တွင် ပြတ်ရွေ့များလည်း တည်ရှိပါသည်။ ယင်းမြေထုချပ်များနှင့် ပြတ်ရွေ့များ ရွေ့လျားမှုကြောင့်ဖြစ်ပေါ်သော ငလျင်များအား မြေထုချပ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သော ငလျင်ဟုခေါ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် မြေထုချပ်လှုပ်ရှားခြင်းကြောင့် ဖြစ်ပေါ်သောငလျင်များအား အများဆုံးတွေ့ရပြီး ဖျက်ဆီးမှုစွမ်းအားသည်လည်း အမြင့်မားဆုံးဖြစ်ပါသည်။ မီးတောင်များ ပေါက်ကွဲမှုအရှိန်ကြောင့် ဖြစ်ပေါ်သော ငလျင်များအား မီးတောင်ပေါက်ခြင်းကြောင့် ဖြစ်ပေါ်သောငလျင်ဟုခေါ်ပြီး မီးတောင်တည်ရှိရာ အနီးဝန်းကျင်တွင် ပျက်စီးမှုဖြစ်ပေါ်စေပါသည်။ စမ်းသပ်ဖောက်ခွဲမှုများကဲ့သို့သော လူတို့၏ လုပ်ဆောင်မှုများကြောင့်ဖြစ်ပေါ်သော ငလျင်များအား လူလုပ်ငလျင်ဟုခေါ်ပြီး အဆိုပါလူလုပ်ငလျင်သည် ကြီးမားသော အပျက်အစီးများ ဖြစ်ပေါ်စေလောက်အောင် ပြင်းထန်လေ့မရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင်ဖြစ်ပေါ်သော ငလျင်လှုပ်ရှားမှု၏ ၁၅ ရာခိုင်နှုန်းခန့်ကို ခံစားရသည့် မြေထဲပင်လယ် - ဟိမဝန္တာဇုန်တွင် တည်ရှိနေပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ငလျင်များသည် နှောင်းဖြစ် ဘူမိအနေအထားတို့ကြောင့် ဖြစ်ပေါ်ခဲ့ရကာ အထူးသဖြင့် ပြတ်ရွေ့များရှိရာနေရာများ၌ ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်စေသော အဓိကပြတ်ရွေ့ကြီးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့အပြင် ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ မိုးမိတ်ပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ ရွှေလီပြတ်ရွေ့၊ ဖာပွန်ပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့ စသည့် ပြတ်ရွေ့များအပြင် ပြတ်ရွေ့ငယ်များစွာ တည်ရှိနေပါသည်။ အဆိုပါ ပြတ်ရွေ့များ ရွေ့လျားမှုကြောင့် ပြတ်ရွေ့များတည်ရှိရာဒေသများနှင့် အိန္ဒိယမြေထုချပ်သည် မြန်မာမြေထုချပ်အောက်သို့ တိုးဝင်မှုဖြစ်စဉ်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံအနောက်ဘက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် အဆိုပါဒေသများတွင် ငလျင်ဘေးအန္တရာယ်အားသတိပြု၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါသည်။


မြန်မာနိုင်ငံ အလယ်ပိုင်းတစ်လျှောက် တောင်မြောက် ကီလိုမီတာ ၁၂၀၀ ဝန်းကျင် ရှည်လျားသည့် မြန်မာနိုင်ငံ၏ အဓိက သက်ရှင်ပြတ်ရွေ့ကြီးဖြစ်သော စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံရှိ လူဦးရေထူထပ်များပြားသော မြို့ကြီးများကို ဖြတ်သန်းသွားပြီး ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ရှားခဲ့သော မန္တလေးငလျင်ကြီးသည်လည်း စစ်ကိုင်းပြတ်ရွေ့ ရွေ့လျားမှုကြောင့် လှုပ်ရှားခဲ့ခြင်းဖြစ်ပါသည်။ လှုပ်ရှားမှု၏ ပြင်းအားသည် စက္ကန့်ပိုင်းအတွင်း ကီလိုမီတာ ၅၀၀ ခန့် မြေသားအက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး ဖြတ်သန်းသွားရာ လမ်းကြောင်းပေါ်ရှိ မြို့ကြီးများဖြစ်သော မန္တလေး၊ အမရပူရ၊ တံတားဦး၊ အင်းဝ၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ငူနှင့် ဖြူးစသည့် လူဦးရေထူထပ်ပြီး စီးပွားရေးအရ အချက်အချာကျသော မြို့ကြီးများတွင် အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရပါသည်။

ငလျင်သည် ကြိုတင်ခန့်မှန်းတွက်ချက်၍မရသော သဘာဝဘေးတစ်မျိုးဖြစ်သော်လည်း ယခုအခါ လူမှုကွန်ရက်များတွင် ငလျင်လှုပ်ရှားမှုနှင့်ပတ်သက်၍ ခန့်မှန်းရေးသားမှုများ ပြုလုပ်နေကြပါသည်။ ငလျင်လှုပ်ရှားမှုအား ယနေ့အချိန်ထိ မည်သည့်နိုင်ငံ၊ မည်သည့်ပညာရှင်မျှ ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိပါ။ ငလျင်သည် အခြားသောသဘာဝဘေးများကဲ့သို့ ဖြစ်လေ့ဖြစ်ထရှိသော အချိန်ကာလ ရာသီမရှိဘဲ အချိန်မရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုး ဖြစ်ပါသည်။

ယခုအခါ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ဂြိုဟ်များ တစ်တန်းတည်းကျခြင်းကဲ့သို့သော နက္ခတ်ဗေဒဆိုင်ရာဖြစ်စဉ်များကြောင့် ငလျင်လှုပ်ရှားနိုင်သကဲ့သို့ ရေးသားမှုများရှိနေရာ အဆိုပါဖြစ်စဉ်များသည် ငလျင်လှုပ်ရှားမှုနှင့် ဆက်နွှယ်နေခြင်းမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ငလျင်သည် မြေထုချပ်များနှင့် ပြတ်ရွေ့များ ရွေ့လျားခြင်းကြောင့်သာ ဖြစ်ပေါ်နေကြခြင်းဖြစ်ပြီး ဂြိုဟ်များ၏ အနေအထားနှင့် မသက်ဆိုင်ပါ။ ဂြိုဟ်များတစ်တန်းတည်းကျခြင်းသည် အာကာသဖြစ်စဉ်တစ်ခုသာဖြစ်ပြီး ဘေးအန္တရာယ်လက္ခဏာ မဟုတ်ပါ။ လ၏ဆွဲအားသည် ဒီရေအတက်အကျဖြစ်စေသည့် အားရှိသော်လည်း ဂြိုဟ်များဆွဲအားသည် အလွန်နည်းပြီး ယင်းတို့၏ Gravitational Pull သည်

*စာမျက်နှာ ၁၁ သို့*




မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေသော ပြတ်ရွေ့များပြပုံ။

**❝ ငလျင်ဘေးသည် ကြိုတင်ခန့်မှန်း၍မရရှိနိုင်သောကြောင့် ငလျင်ဘေးနှင့်ပတ်သက်ပြီး ငလျင်ဆိုင်ရာပညာရှင်များ၏ အကြံပြုချက်များအတိုင်း ငလျင်မလှုပ်ရှားမီ၊ လှုပ်ရှားနေစဉ်နှင့် လှုပ်ရှားအပြီး ဆောင်ရွက်ရမည်များအား သိရှိလိုက်နာ၍ ဇာတ်တိုက်လေ့ကျင့်မှုများ မကြာခဏဆောင်ရွက်ခြင်း၊ အများပြည်သူအား ငလျင်အသိနှင့် သတိရှိစေရန် အသိပညာပေးဟောပြောပို့ချမှုများ လုပ်ဆောင်ပေးခြင်း၊ ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် Myanmar National Building Code (MNBC) 2025 အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်ပါကြောင်းနှင့် ငလျင်သည် ကြိုတင်ခန့်မှန်း၍မရသော သဘာဝဘေးတစ်မျိုးသာဖြစ်ပါကြောင်း ❞**


# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးသူများတွင် လူငယ်များပါဝင်မှု ရာခိုင်နှုန်းများပြား

**နေပြည်တော်  ဖေဖော်ဝါရီ ၂၆**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း (၃)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများနှင့်မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း နိုင်ငံရေးပါတီများအနေဖြင့် စိတ်အားထက်သန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာ လာရောက်မဲပေးခဲ့ကြသည်။

**လူငယ်များပါဝင်မှု မြင့်မား**

ရွေးကောက်ပွဲအပိုင်း (၃)ပိုင်းလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပြီးဖြစ်သည်။ မဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၂ သန်း၏ အသက်အရွယ်အပိုင်းအခြားမှာ ၁၈ နှစ်မှ ၃၀ နှစ်ကြား ၂၄ ရာခိုင်နှုန်း၊ ၃၀ နှစ်မှ ၄၀ နှစ်ကြား ၂၁ ရာခိုင်နှုန်း၊ ၄၀ နှစ်မှ ၅၀ နှစ်ကြား ၂၀ ရာခိုင်နှုန်း၊ ၅၀ နှစ်မှ ၆၀ နှစ်ကြား ၁၇ ရာခိုင်နှုန်း၊ ၆၀ နှစ်မှ ၇၀ ကြား ၁၁ ရာခိုင်နှုန်း၊ ၇၀ နှစ်အထက် ၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များစာရင်းတွင် လူငယ်များပါဝင်မှုရာခိုင်နှုန်းမှာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။




ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းက ဆန္ဒမဲလာရောက်ပေးကြရာတွင်လည်း လူငယ်များ ပါဝင်ဆန္ဒမဲပေးမှုများပြားကြောင်း တွေ့ရှိရသည့်အတွက် လူငယ်များအနေဖြင့် နိုင်ငံ့အရေးကို ပိုစိတ်ဝင်စားမှုရှိလာကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မယ်ပုတ် - ကျားကိုက် - မလန်ပိုင် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင်အနက် မြေသားလမ်း ၃ မိုင် ဖောက်လုပ်ခြင်းနှင့် ၅x ၅x၂၆ ပေ Box Culvert ၁၂ စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူ ၃၆၅၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ရေးတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၉၁၄ ဒသမ ၉၁၃ သန်းဖြင့် လမ်းတာရှည် ၁၅ မိုင်၊ မြေသားလမ်း ၈ မိုင်၊ မြေသားလမ်း ပြုပြင်ထိန်းသိမ်းခြင်း ၁၀ မိုင်၊ အမာခံလမ်း ၈ မိုင်၊ ကျောက်လမ်း ၂ မိုင်၊ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ Box Culvert ၂၇ စင်း၊ ကွန်ကရစ်တံတား တစ်စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း တစ်ခု၊ တောင်ပြိုမြေရှင်းလင်းခြင်းလုပ်ငန်း ရှစ်ခု၊ ချဉ်းကပ်လမ်းပြန်လည်ပြုပြင်ခြင်း တစ်ခု၊ သာသနာရေးလုပ်ငန်း သုံးခု၊ ဦးစီးဌာနလုပ်ငန်း ငါးခု၊ ထောက်ပံ့လုပ်ငန်း နှစ်ခုတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*


သေးငယ်သည့်အတွက် ငလျင်လှုပ်ရှားနိုင်သည်အထိ မဖြစ်နိုင်ပါ။ ဂြိုဟ်များ တစ်တန်းတည်းဖြစ်စဉ်သည် တစ်ခါတစ်ရံ ဖြစ်တတ်သော်လည်း တစ်တန်းတည်းဖြစ်သည့်အချိန်တိုင်းတွင် ငလျင်လှုပ်ရှားမှုအား မှတ်တမ်းများအရ မတွေ့ရှိရပါ။ သို့ဖြစ်ပါ၍ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ဂြိုဟ်များတစ်တန်းတည်းကျခြင်းတို့သည် ငလျင်လှုပ်ရှားမှုအပေါ် သက်ရောက်မှု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က လှုပ်ရှားခဲ့သော မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းပြတ်ရွေ့တစ်လျှောက် ၅၀၀ ကီလိုမီတာခန့် မြေသားအက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါမြေသားများ မူလအခြေအနေသို့ ရောက်ရှိအောင် လုပ်ဆောင်နေရ၍ နောက်ဆက်တွဲငလျင်များ လှုပ်ရှားနေရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော နောက်ဆက်တွဲငလျင်များ လှုပ်ရှားနေခြင်းအား မြေငလျင်ပညာရပ်ဖြင့်သာ နောက်ဆက်တွဲလှုပ်ရှားနိုင်သည့် အလားအလာကို ပြောကြားနိုင်ခြင်းဖြစ်ပြီး မည်သည့်နေ့ရက်တွင် အင်အားမည်မျှဖြင့် လှုပ်ရှားနိုင်မည်မျိုး တိတိကျကျ ကြိုတင်မခန့်မှန်းနိုင်ကြောင်း တွေ့ရှိရပါသည်။**

မြေငလျင်ဆိုင်ရာ သိပ္ပံပညာရပ်တွင်ပင် ငလျင်လှုပ်ရှားမှုအား ကြိုတင်မခန့်မှန်းနိုင်ပါ၍ နက္ခတ်ဗေဒပညာရပ်ဖြင့်လည်း ကြိုတင်မခန့်မှန်းနိုင်ပါ။ ငလျင်သည် အချိန်တိုအတွင်း ဖြစ်ပေါ်သော သဘာဝဘေးတစ်မျိုးဖြစ်ပြီး ငလျင်လှုပ်ရှားစဉ် မြေကြီးလှုပ်ရှားမှုကြောင့် တိုက်ရိုက်ထိခိုက်ဒဏ်ရာရရှိမှုသည် အလွန်နည်းပါးပြီး အထက်မှကျသော အရာဝတ္ထုများနှင့် အဆောက်အအုံများပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်လေ့ရှိပါသည်။ အင်အားပြင်းငလျင်ကြီးများလှုပ်ရှားပြီး နောက်ဆက်တွဲငလျင်ယ်များသည် နာရီပေါင်းများစွာမှ တစ်ခါတစ်ရံရက်ပေါင်းများစွာကြာသည်အထိ ဖြစ်ပေါ်တတ်ပါသည်။ မန္တလေးငလျင်ကြီး လှုပ်ရှားပြီးနောက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ အင်အားပြင်းငလျင် တစ်ကြိမ်၊ အင်အားအသင့်အတင့်ရှိသော ငလျင် ၁၀ ကြိမ်၊ အင်အားပမာဏ ၃ ဒသမ ၀ နှင့်အထက်ရှိသည့် အင်အားနည်းငလျင်ငယ် ၂၆၉ ကြိမ်၊ အင်အားပမာဏ ၃ ဒသမ ၀ အောက်ရှိသည့် အင်အားနည်းငလျင်ငယ် ၂၈၈ ကြိမ်တို့ နောက်ဆက်တွဲငလျင်အဖြစ် လှုပ်ရှားခဲ့ကြောင်း တွေ့ရှိရပါသည်။

အင်အားပြင်း ငလျင်ကြီးများသည် ပင်လယ်ရေအောက်ကြမ်းပြင်တွင် ဗဟိုချက်အနက်တိမ်၍ အထက်အောက် လှုပ်ရှားသည့်အခါ နောက်ဆက်တွဲအဖြစ် ဆူနာမီဘေးအန္တရာယ်လည်း ကျရောက်နိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသကြီးများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ငလျင်၏နောက်ဆက်တွဲ ဘေးအန္တရာယ်တစ်ခုဖြစ်သော ဆူနာမီကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **ငလျင်ဘေးသည် ကြိုတင်ခန့်မှန်း၍မရရှိနိုင်သောကြောင့် ငလျင်ဘေးနှင့် ပတ်သက်ပြီး ငလျင်ဆိုင်ရာပညာရှင်များ၏ အကြံပြုချက်များအတိုင်း ငလျင်မလှုပ်ရှားမီ၊ လှုပ်ရှားနေစဉ်နှင့် လှုပ်ရှားအပြီး ဆောင်ရွက်ရမည်များအား သိရှိလိုက်နာ၍ ဇာတ်တိုက်လေ့ကျင့်မှုများ မကြာခဏဆောင်ရွက်ခြင်း၊ အများပြည်သူအား ငလျင်အသိနှင့် သတိရှိစေရန် အသိပညာပေးဟောပြောပို့ချမှုများ လုပ်ဆောင်ပေးခြင်း၊ ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် Myanmar National Building Code (MNBC) 2025 အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်ပါကြောင်းနှင့်** ငလျင်သည် ကြိုတင်ခန့်မှန်း၍မရသော သဘာဝဘေးတစ်မျိုးသာဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။




ဂြိုဟ်များ တစ်တန်းတည်းကျသည့် ဖြစ်စဉ်ပြပုံ။

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော်  ဖေဖော်ဝါရီ ၂၆

၂၀၂၅- ၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ကောဒသမတန်းနှင့် ဒွါဒသမတန်း အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ နဝမတန်း(Grade 9) လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သြဂတ်စတင်းနန်နော် | အထက(ခွဲ)လ(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မလဖျူဆိုင်းဘောက်မိုင် | အထက(ခွဲ)လ(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ထွန်းအောင်ကျော် | အထက- နောင်ကိုင်တော် | မိုးကောင်း | မိုးညှင်း |
| ၄ | မမြတ်ပန်းမဥ္ဇူ | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ဖုန်ဆန်းအောင် | အထက- လေယာဉ်ကွင်း | ပူတာအို | ပူတာအို |
| ၆ | မအမ်မငိုင်းဆိုင်း | အထက- ပူတာအို | ပူတာအို | ပူတာအို |
| ၇ | မောင်ဇွဲအုပ်စိုး | အလက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၈ | မဖလော်ရာစိုးမိုးသူ | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၉ | မောင်သူရအောင် | ကပက- မြတ်သောအမွေ | လှိုင်းဘွဲ့ | ဘားအံ |
| ၁၀ | နော်ဆုလာဘ်ဦး | ကပက- မြတ်သောအမွေ | လှိုင်းဘွဲ့ | ဘားအံ |
| ၁၁ | မောင်မြတ်ဘုန်းဇံ | အထက(၃)မြဝတီ | မြဝတီ | မြဝတီ |
| ၁၂ | မောင်ဘွဲ့လျှန်ကျိုး | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၁၃ | မမန်းခန့်နွမ်း | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၄ | မောင်မင်းချစ်သူ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မခိုင်စုရီသန့် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၆ | မောင်ဟိန်းခန့်ဇော် | အထက- ကျွန်းလှ | ကျွန်းလှ | ကန့်ဘလူ |
| ၁၇ | မဟန်ယုစံ | ကပက- မြင့်မိုရ် | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မောင်ကောင်းသုတ | အထက-ချောင်းဦး | ချောင်းဦး | မုံရွာ |
| ၁၉ | မလင်းနေခြည်ဖြိုး | ကပက- TOP | မုံရွာ | မုံရွာ |
| ၂၀ | မောင်ဝင်းမင်းအောင် | အထက(၃) ကလေး | ကလေး | ကလေး |
| ၂၁ | မအိမ့်ကြည်ဖြူမျိုး | အထက(၆) ကလေး | ကလေး | ကလေး |
| ၂၂ | မောင်မြတ်ဘုန်းမောင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၃ | မကေဇင်ယုဆွေ | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၄ | မောင်ဝေယံဖြိုး | အထက-သရက်ချောင်း | သရက်ချောင်း | ထားဝယ် |
| ၂၅ | မဆုမြတ်နိုးဇော် | ကပက-ဆရာမိုးဒီ | ထားဝယ် | ထားဝယ် |
| ၂၆ | မောင်ရန်ပိုင်ဦး | အထက(၃)မြိတ် | မြိတ် | မြိတ် |
| ၂၇ | မဇင်မြတ်ချယ်ရီ | ကပက-မြင်းမိုရ် | မြိတ် | မြိတ် |
| ၂၈ | မောင်ဖြိုးဟန်စိုး | အထက(ခွဲ)လ(၂)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၂၉ | မယွန်းရွှေရည်မိုး | အထက(ခွဲ)လ(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၃၀ | မောင်ဇွဲဝေလျှံထွဋ် | အထက(၃)၊ ပဲခူး | ပဲခူး | ပဲခူး |
| ၃၁ | မောင်သူရိန်ထွန်း | အထက-အုတ်တွင်း | အုတ်တွင်း | တောင်ငူ |
| ၃၂ | မောင်ရှိုင်းမြတ်မောင် | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၃၃ | မောင်ဘုန်းမြင့်မြတ် | ကပက-ဥယျာဉ်မှူး | မကွေး | မကွေး |
| ၃၄ | မမေကိုကို | ကပက-ဥယျာဉ်မှူး | မကွေး | မကွေး |
| ၃၅ | မအိအိငြိမ်းပြည့် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၃၆ | မအေးပြည့်စုံဖွေး | အထက(၂)ချောက် | ချောက် | ချောက် |
| ၃၇ | မောင်မြင့်မြတ်သူ | အထက(ခွဲ)ပျဉ်းပင်လှ | အောင်လံ | အောင်လံ |
| ၃၈ | မရွှေရည်လင်းလက် | အထက- ကျော်စွာ | အောင်လံ | အောင်လံ |
| ၃၉ | မောင်ရာဇာဘုန်းမြတ် | အလက(၃)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၀ | မနိုးနိုးဝေ | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၁ | မောင်လင်းလွန်းဖြူ | ကပက- သူရသီဟ | ပြည်ကြီးတံခွန် | မဟာအောင်မြေ |
| ၄၂ | မရှင်းမွန်ဖူး | ကပက- VEC | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၄၃ | မောင်ဖြိုးသီဟကျော် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၄၄ | မမြတ်နိုးဝေ | ကပက- ကြယ်စင်မင်း | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၄၅ | မောင်ထက်အာကာကျော် | ကပက- ရွှေစာဝိုင်း | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၄၆ | မောင်ဇော်ထူးလွင် | ကပက- UNITY | ကျောက်ဆည် | ကျောက်ဆည် |
| ၄၇ | မောင်ဝေယံမိုး | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၄၈ | မအိမ့်ကြယ်စင်လင်း | ကပက- UNITY | မြင်းခြံ | မြင်းခြံ |
| ၄၉ | မောင်ရဲရင့်ဖြိုး | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၅၀ | မနှိုင်းသီရိခေတ် | ကပက- အိုအေစစ် | မိတ္ထီလာ | မိတ္ထီလာ |
| ၅၁ | မောင်ခန့်သူရိန်ကျော် | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၅၂ | မောင်စောစေးဝါး | အထက(၂)သထုံ | သထုံ | သထုံ |
| ၅၃ | မဆုအိမ်လင်း | ကပက- PHOO | ကျိုက်ထို | ကျိုက်ထို |
| ၅၄ | မပွင့်သဇင်သင်း | အထက(၁) ရေး | ရေး | ရေး |
| ၅၅ | မောင်မြင့်မြတ်အောင် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | သဃ်္ဃန်းကျွန်း |
| ၅၆ | မနန်းဆိုင်ဖူး | အထက(၂)ရန်ကင်း | ရန်ကင်း | သဃ်္ဃန်းကျွန်း |
| ၅၇ | မောင်အောင်မင်းခန့် | အထက(၂)သာကေတ | သာကေတ | ဗိုလ်တထောင် |
| ၅၈ | မောင်ရဲကျော်စွာနိုင် | အထက(၃)ဒဂုံ(အရှေ့) | ဒဂုံ(အရှေ့) | ဒဂုံမြို့သစ် |
| ၅၉ | မသွန်းနဒီဦး | အထက(၆)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၆၀ | မောင်မြင့်မြတ်မောင် | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၆၁ | မလင်းလက်ဖြိုး | အလက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၆၂ | မလင်းလက်ဆုပြည့် | အထက(၂)စမ်းချောင်း | စမ်းချောင်း | အလုံ |
| ၆၃ | မောင်ဟိန်းမြတ်ပြည့်သျှံ | အထက(၂)ကမာရွတ် | ကမာရွတ် | ကမာရွတ် |
| ၆၄ | မစုစုဝင်းကျော် | ကပက- Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၆၅ | မောင်ညီမင်းခန့် | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၆၆ | မောင်ဇွဲပိုင်ဆက် | အထက-ခနောင်တို | ဆိပ်ကြီးခနောင်တို | တွံတေး |
| ၆၇ | မောင်စစ်မင်းသန့် | အထက-လှည်းကူး | လှည်းကူး | လှည်းကူး |
| ၆၈ | စောလားဘွယ်ထူး | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၆၉ | မရွှန်းပြည့်သော်တာ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၀ | မောင်အောင်မင်းဆန်း | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | ကလော |
| ၇၁ | မသံဇဉ်ချို | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | ကလော |
| ၇၂ | မောင်သိန်းစိုးအောင် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၇၃ | မောင်ထက်ဘုန်းပြည့်ရံ | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၇၄ | မခင်စန္ဒာလင်း | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၇၅ | မောင်အံ့ဘုန်းမော် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၇၆ | မမေသင်းခိုင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၇၇ | မောင်ခန့်ညီညီဥက္ကာ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၇၈ | မဆောင်းကူးမေ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၇၉ | မောင်လမင်း | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၈၀ | မဖူးဖူးစံ | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၈၁ | နန့်လင်းလှဲ့ဟန် | ကပက- မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၈၂ | မောင်လင်းထက်ဇေယျာ | အထက-ရွာသစ်တောင် | ဟင်္သာတ | ဟင်္သာတ |
| ၈၃ | မယွန်းမြတ်ဖူး | ကပက- ကြယ်တံခွန် | ဟင်္သာတ | ဟင်္သာတ |
| ၈၄ | မောင်ဟိန်းသန့်ဇော် | အထက-မဲဇလီကုန်း | အင်္ဂပူ | မြန်အောင် |
| ၈၅ | မဆုရတီထွန်း | အထက-ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၈၆ | မောင်အောင်ခန့်ဇော် | အထက(၁) ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၈၇ | မအိမြတ်ဖြူစင် | အထက(၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၈၈ | မောင်အောင်ဘုန်းမြတ် | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၈၉ | နော်သက်ဆုရှင် | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၉၀ | မောင်ဇွဲမြတ်ပိုင်လင်း | အလက(၂)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၉၁ | မစုရတီမြင့် | အထက-မြင်းကကုန်း | ဘိုကလေး | ဖျာပုံ |
| ၉၂ | မဆုဖြူစင် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၉၃ | မောင်အောင်စွမ်းပြည့် | ကပက-စိုးစံ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၉၄ | မမြတ်သီရိမောင် | အထက(၁၁)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၉၅ | မောင်အောင်ပြည့်ဖြိုး | အထက(၁၃)ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၉၆ | မရွှန်းလဲ့လဲ့ဘုံ | အထက-ရေဆင်း | ဇေယျာသီရိ | ဇေယျာသီရိ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဒသမတန်း(Grade 10) လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သြဘာ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မယွန်းသီရိစံကျော် | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စောနွဲ့ညီညီဇာနည် | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၄ | မဟောမာန်ဇွန် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ထက်မြတ်အောင် | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၆ | မထွန်းဇူဇူးမီ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၇ | စောသိန်းထက်စိုး | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၈ | နန်းကြည်စင်ရတနာစိုး | အထက(၃)ဘားအံ | ဘားအံ | ဘားအံ |
| ၉ | မောင်နောင်လျှံဟိန်း | အထက(၁)မြဝတီ | မြဝတီ | မြဝတီ |
| ၁၀ | နန်းမေဖူးဇော် | အထက(ခွဲ)အောင်မြေရွှေဘုံ | မြဝတီ | မြဝတီ |
| ၁၁ | မောင်ပေါင်မွန့်လျန်း | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၂ | မဂိုးလွန်းကျိန် | အထက-တွိုးထန် | တီးတိန် | တီးတိန် |
| ၁၃ | မောင်မျိုးသူရိန် | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မမေသံစဉ်ချို | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မောင်ရန်ဘုန်းနိုင် | အထက(၂) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၆ | မကြိုးကြာလှိုင် | အထက(၁) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၇ | မောင်ထက်ဝေယံအောင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မရတီချို | အထက(၂)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၉ | မောင်လပြည့်အောင် | အထက(၁)အလုံ | မုံရွာ | မုံရွာ |
| ၂၀ | မရွှေသဇင်ဝင်းခန့်ကျော် | အထက(၃)မုံရွာ | မုံရွာ | မုံရွာ |
| ၂၁ | မောင်ကျော်သီဟ | အထက(၁) ကသာ | ကသာ | ကသာ |
| ၂၂ | မောင်စွမ်းရည်စိုး | ကပက- ရွှေလမင်း | ကလေး | ကလေး |
| ၂၃ | မဆုပြည့်သဇင် | ကပက -အားမာန် | ကလေး | ကလေး |
| ၂၄ | မောင်ခန့်စည်သူ | အထက - ကတ်သာ | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၅ | မောင်ညီဝေဖြိုး | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၆ | မပေရယ်ထွန်း | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၇ | မောင်ပြည့်မောင်မောင် | ကပက-ကဇွန်းအင်း | မြိတ် | မြိတ် |
| ၂၈ | မထက်ထက်နန္ဒာဇော် | အထက(၁)ပုလော | ပုလော | မြိတ် |
| ၂၉ | မောင်ဘုန်းခန့်ပိုင် | အထက(ခွဲ)လ(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၃၀ | မောင်ထိန်လင်းအောင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၂ မှ

| | | | | |
|---|---|---|---|---|
| ၃၁ | မဆုရွှေရည်ထွန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၂ | မောင်သုခလှိုင် | ကပက- ကြယ်စင်သစ် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၃ | မယုဇန | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၄ | မောင်ထက်ဝေယံလင်း | အထက(၁)ဖြူး | ဖြူး | တောင်ငူ |
| ၃၅ | မယွန်းဝတီခိုင် | အထက-ရေနီ | ရေတာရှည် | တောင်ငူ |
| ၃၆ | မောင်အံ့ထူးသစ် | ကပက-ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၃၇ | မအိမ့်ချမ်းမြေ့ | အထက-မင်းလှ | မင်းလှ | သာယာဝတီ |
| ၃၈ | မောင်ချမ်းမြေ့အောင် | အထက-မြို့မ | ဇီးကုန်း | နတ်တလင်း |
| ၃၉ | မရွှေရည်နှင်း | အထက-မှတ်တိုင် | ပေါင်းတည် | နတ်တလင်း |
| ၄၀ | မောင်ပြည့်လျှံထွန်း | အထက-ရွှေတောင်(စက်စိုက်မြွေး) | ရွှေတောင် | ပြည် |
| ၄၁ | မရွှေဝန်းရံ | အထက-ကြာနီကန် | ရွှေတောင် | ပြည် |
| ၄၂ | မောင်ဟိန်းသူရဗိုလ် | ကပက- မိသားစု | မကွေး | မကွေး |
| ၄၃ | မသန့်နွေးအိမ် | ကပက- IBS | မကွေး | မကွေး |
| ၄၄ | မောင်ပိုင်စိုးဆက်အောင် | ကပက- ပညာအလင်းရောင် | မင်းဘူး | မင်းဘူး |
| ၄၅ | မအိမ့်ပြည့်ဖြိုး | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၄၆ | မောင်လမင်းခန့် | အထက-ကြို့ပင် | ကံမ | သရက် |
| ၄၇ | မထွေးအိဝင်း | အထက-ကြို့ပင် | ကံမ | သရက် |
| ၄၈ | မောင်မြတ်ဘုန်းဇော် | အထက(၁)ရေနံချောင်း | ရေနံချောင်း | ချောက် |
| ၄၉ | မရွှန်းလပြည့် | အထက(၄)ချောက် | ချောက် | ချောက် |
| ၅၀ | မောင်ကြယ်စင်ကိုကို | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၁ | မောင်ကောင်းခန့်ထွန်း | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၅၂ | မနေခြည်ဝင့်ထည် | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၃ | မောင်စိုင်းမင်းခန့်ညီ | ကပက- Shwe Kant Kaw | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၅၄ | မယွန်းနဒီလင်း | ကပက- စံဟိန်း | မဟာအောင်မြေ | မဟာအောင်မြေ |
| ၅၅ | မောင်လင်းခန့်မောင် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၅၆ | မထက်ဆုကျော် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၅၇ | မောင်ဘုန်းပြည့်ကျော် | ကပက- စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၅၈ | မအေးညိမ်းရွှေရည် | ကပက- စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၅၉ | မောင်ဟိန်းထက်အောင် | ကပက- မေတ္တာ | ကျောက်ဆည် | ကျောက်ဆည် |
| ၆၀ | မမိုးမခသော် | ကပက- ပညာစံအိမ် | စဉ့်ကိုင် | ကျောက်ဆည် |
| ၆၁ | မောင်ဝေဖြိုးသော် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၆၂ | မနှင်းဧကရီ | ကပက- မြတ်မဟော် | မြင်းခြံ | မြင်းခြံ |
| ၆၃ | မောင်ဘုန်းခန့်ပိုင် | ကပက- မိသားစု | မလှိုင် | မိတ္ထီလာ |
| ၆၄ | မအေးရွှန်းလဲ့မောင် | အထက-ဝမ်းတွင်း | ဝမ်းတွင်း | မိတ္ထီလာ |
| ၆၅ | မနန္ဒာရွှန်းလဲ့ | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၆၆ | မောင်စွမ်းခန့်နောင် | ကပက- ရွှေညာဏ်ရှင် | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၇ | မဆုယူလင်း | ကပက- ရွှေညာဏ်ရှင် | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၈ | မောင်လင်းပြည့်ဘုန်း | အထက-ပေါင် | ပေါင် | သထုံ |
| ၆၉ | မိဆုကဗျာဖြူ | အထက-ပေါင် | ပေါင် | သထုံ |
| ၇၀ | မောင်ပြည့်ဘုန်းမြင့် | ကပက- ပါရမီ | မော်လမြိုင် | မော်လမြိုင် |
| ၇၁ | မဝိုင်းသဉ္ဇာထက် | အထက- ပc | သံဖြူဇရပ် | မော်လမြိုင် |
| ၇၂ | မမြတ်အိအိမွန် | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၇၃ | မောင်သူရမောင် | ကပက- Premium Dason | သဃ်န်းကျွန်း | သဃ်န်းကျွန်း |
| ၇၄ | မဖြိုးသန္တာအေး | ကပက- မြင့်မြတ်ပညာ | တောင်ဥက္ကလာပ | သဃ်န်းကျွန်း |
| ၇၅ | မောင်ညာဏ်လင်းထက် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၇၆ | မငြိမ်းဆုနှစ်အောင် | အထက(၄)ပုဇွန်တောင် | ပုဇွန်တောင် | ဗိုလ်တထောင် |
| ၇၇ | မောင်ချမ်းမြေ့ဇင် | အထက(၃)ဒဂုံ(အရှေ့) | ဒဂုံ(အရှေ့) | ဒဂုံမြို့သစ် |
| ၇၈ | မမေလင်းကိုကို | အထက(၄)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၇၉ | မောင်ထူးအောင်လှိုင် | ကပက- D.YEC | မှော်ဘီ | မှော်ဘီ |
| ၈၀ | မောင်လင်းပြည့်သီဟ | ကပက- ထိပ်ဖျားရောက် | လမ်းမတော် | ကျောက်တံတား |
| ၈၁ | မမေမြင့်မိုရ်ကြည် | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၈၂ | မောင်သူရိန်မြတ်သူ | အထက(၄)အလုံ | အလုံ | အလုံ |
| ၈၃ | မနန္ဒာဝင့်ကျော် | အထက(၄)အလုံ | အလုံ | အလုံ |
| ၈၄ | မောင်ညာဏ်ဘုန်းရွှေ | အထက- လေ့ကျင့်ရေး | ကမာရွတ် | ကမာရွတ် |
| ၈၅ | မဖူးသဉ္ဇာမောင် | အထက(၂)ဗဟန်း | ဗဟန်း | ကမာရွတ် |
| ၈၆ | မောင်မြင့်မြတ်မောင် | အထက(၂)သန်လျင် | သန်လျင် | သန်လျင် |
| ၈၇ | မရွှေရည်ရွှန်း | အထက(၁)ခရမ်း | ခရမ်း | သန်လျင် |
| ၈၈ | မောင်ဇွဲခန့်လွင် | ကပက- ဟာမိုနီ | ဒလ | တွံတေး |
| ၈၉ | မချောစုစုလှိုင် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တွံတေး |
| ၉၀ | မောင်စည်သူလင်းထက် | အထက(၂)အင်းစိန် | အင်းစိန် | အင်းစိန် |
| ၉၁ | မအိမ့်ချမ်းမြေ့သူ | ကပက- မြင့်မြတ်စံ | အင်းစိန် | အင်းစိန် |
| ၉၂ | မောင်ညာဏ်လင်းဖြိုး | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၃ | မကြယ်စင်သင်း | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၄ | မောင်စည်သူထိုက် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၉၅ | မထက်ထက်အောင် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၉၆ | မောင်ပြည့်ခန့်ဇော် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၉၇ | မယုမီမီအောင် | အထက-ပင်းတယ | ပင်းတယ | ပင်းတယ |
| ၉၈ | စိုင်းအွမ်ပင်းမှိုင်း | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၉၉ | မမြတ်ဖူးဝေ | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၀၀ | စိုင်းအွမ်မိန်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၁ | မဆောင်းနဒီ | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၀၂ | မောင်အောင်မြင့်မြတ် | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၃ | မဆွေဇင်ဦး | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၄ | မောင်မြင့်မြတ်ဖြိုး | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၀၅ | မခင်စန္ဒီမောင် | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၀၆ | မောင်အောင်သူရဦး | ကပက-အောင် | မူဆယ် | မူဆယ် |
| ၁၀၇ | မဖြိုးရတနာကျော် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၀၈ | မောင်မောင်မောင်တည်ငြိမ်းချမ်း | ကပက-ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၀၉ | မရတနာဖြိုး | ကပက-ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၀ | မောင်ဇေယျာလင်း | အထက-မိုင်းယု | မိုင်းယောင်း | မိုင်းယောင်း |
| ၁၁၁ | မအေးပွင့်ဖြူ | အထက-ဟောင်လိတ် | တာချီလိတ် | တာချီလိတ် |
| ၁၁၂ | စိုင်းဆိုင်ဖွန် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၃ | မောင်လင်းလက်ဖြိုး | အထက-ငပုတော | ငပုတော | ပုသိမ် |
| ၁၁၄ | မဖူးပြည့်ယမုံ | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၁၁၅ | မောင်အောင်စွမ်းပြည့် | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၁၁၆ | မလင်းလက်နေခြည် | ကပက- ယောနသံ | ကျုံပျော် | ကျုံပျော် |
| ၁၁၇ | မောင်အောင်ထက်ဇေ | အထက(၁)ဇလွန် | ဇလွန် | ဟင်္သာတ |
| ၁၁၈ | မဝတ်ရည်ဖြိုး | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၁၉ | မောင်သာခန့်ညီ | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၀ | မယောဟာဏီသွင် | အထက- ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၁၂၁ | မောင်ဥက္ကာဗိုလ်ဗိုလ် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၂ | မဇွန်မီမီမောင် | အထက(၁)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၃ | မောင်စွမ်းထက်ပိုင် | အထက(၁) ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၂၄ | မယွန်းသံစဉ်ချို | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၁၂၅ | မောင်ဘုန်းသန့်လင်း | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၂၆ | မလဝန်းချိုချို | အထက(၄)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၂၇ | မောင်မြတ်ဘုန်းခန့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၂၈ | မရွှေပြည့်ပြည့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၂၉ | မောင်မင်းထင်ကျော် | အထက(၁)ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား |
| ၁၃၀ | မရွှေရည်လင်းထက် | အထက(၈)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၁ | မောင်စစ်ရဲဦး | ကပက- CAE | ဥတ္တရသီရိ | ဥတ္တရ |
| ၁၃၂ | မယမင်းစု | အထက(၂)ဇေယျာသီရိ | ဇေယျာသီရိ | ဇေယျာသီရိ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ကောဒသမတန်း(Grade 11) လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အနဂ္ဃညီညီ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မဝေထိုက်လွင် | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်လင်းထွဋ်ကျော် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၄ | မသူသူစံ | အထက(၁)မိုးကောင်း | မိုးကောင်း | မိုးညှင်း |
| ၅ | မောင်သူရဟိန်း | အထက(ခွဲ)လောခမ္မ | လွိုင်ကော် | လွိုင်ကော် |
| ၆ | မရွှေယွန်းမီ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၇ | စောစိုးကျော်လင်း | ကပက- မြတ်သောအမွေ | လှိုင်းဘွဲ | ဘားအံ |
| ၈ | မခင်ခင်ခန့် | ကပက- ငြိမ်းပညာ့ဥယျာဉ် | လှိုင်းဘွဲ | ဘားအံ |
| ၉ | မောင်မြတ်ထင်လင်း | အထက(၁)မြဝတီ | မြဝတီ | မြဝတီ |
| ၁၀ | နန်းငွေဇင်ခိုင် | အထက(၁)မြဝတီ | မြဝတီ | မြဝတီ |
| ၁၁ | မောင်ကျင့်ဇွန့်တွောင် | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၂ | မောင်နိုင်ကိုလင်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၃ | မထက်ရွှေရည်အောင် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မောင်ဇော်ထက်အောင် | ကပက- LEC | ရွှေဘို | ရွှေဘို |
| ၁၅ | မငွေစင်သွန်း | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၆ | မောင်ခန့်ညားလွင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၇ | မအိမ့်ကြည်ဖြူမောင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မောင်သိန်းထက်အောင် | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |
| ၁၉ | မအိဖြူစင်ဝင်း | အထက(၅)မုံရွာ | မုံရွာ | မုံရွာ |

စာမျက်နှာ ၁၄ သို့

စာမျက်နှာ ၁၃ မှ

| | | | | |
|---|---|---|---|---|
| ၂၀ | မောင်စွမ်းဇေယျာလင်း | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၁ | မောင်မင်းဟိန်းခန့် | ကပက - ရွှေလမင်း | ကလေး | ကလေး |
| ၂၂ | မအေးမြတ်ထွန်း | ကပက - ရွှေလမင်း | ကလေး | ကလေး |
| ၂၃ | မောင်သူရကျော် | အထက- ခန္တီး | ခန္တီး | ခန္တီး |
| ၂၄ | မယွန်းနဒီလှိုင် | အထက- နောင်ပိုအောင် | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၅ | မောင်ရှုသောမူ | အထက- လေရှီး | လေရှီး | နာဂဒေသ |
| ၂၆ | မခင်ငြိမ့်ငြိမ့်စံ | အထက- လေရှီး | လေရှီး | နာဂဒေသ |
| ၂၇ | မောင်ဖွဲ့ဆက်ဇော် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၈ | မဆုမြတ်မောင်လေး | ကပက- Edu Park | ထားဝယ် | ထားဝယ် |
| ၂၉ | မောင်ကောင်းခန့်အောင် | အထက(၂)မြိတ် | မြိတ် | မြိတ် |
| ၃၀ | မသက်မွန်ကျော် | အထက(၂)ပုလော | ပုလော | မြိတ် |
| ၃၁ | မောင်စံချိန်မီ | အထက- ဘုတ်ပြင်း | ဘုတ်ပြင်း | ဘုတ်ပြင်း |
| ၃၂ | မဖြူသင်းခိုင် | အထက- ဘုတ်ပြင်း | ဘုတ်ပြင်း | ဘုတ်ပြင်း |
| ၃၃ | မောင်လူမော်ထွန်း | ကပက- ပန် | ပဲခူး | ပဲခူး |
| ၃၄ | မငွေစင်လင်းလက် | အထက(၅)ပဲခူး | ပဲခူး | ပဲခူး |
| ၃၅ | မောင်မိုးဟိန်းယံ | အထက- ဖဒို | ကျောက်တံခါး | ညောင်လေးပင် |
| ၃၆ | မအေးချမ်းစံ | အထက(၁)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၇ | မောင်မင်းသုခန့် | ကပက- ငြိမ်းချမ်းရေး | တောင်ငူ | တောင်ငူ |
| ၃၈ | မောင်အောင်ပြည့် | အထက- ကျေးနီ | လက်ပံတန်း | သာယာဝတီ |
| ၃၉ | မဖြိုးစုမွန် | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၀ | မောင်ရှင်းသန့်မောင် | အထက- ပေါင်းတည် | ပေါင်းတည် | နတ်တလင်း |
| ၄၁ | မဆုမြတ်ရတနာ | အထက- မြို့မ၊ ဇီးကုန်း | ဇီးကုန်း | နတ်တလင်း |
| ၄၂ | မောင်ယဉ်ခန့်ကျော် | အထက- အောင်ဆန်း | ပြည် | ပြည် |
| ၄၃ | မဆုလင်းပြည့် | ကပက- PEC | ပြည် | ပြည် |
| ၄၄ | မောင်အောင်မြင့်မြတ် | ကပက- နေခြည် | မကွေး | မကွေး |
| ၄၅ | မဆုရတီဇင် | ကပက- Dဝေလျှံ | မကွေး | မကွေး |
| ၄၆ | မောင်ကျော်ဇင်သန့် | ကပက- ခိုင်အောင် | မင်းဘူး | မင်းဘူး |
| ၄၇ | မဝင့်ရွှေရည်ကို | ကပက- ခိုင်အောင် | မင်းဘူး | မင်းဘူး |
| ၄၈ | မသူသူမိုးစံ | အထက(ခွဲ)လ(၃)သရက် | သရက် | သရက် |
| ၄၉ | မောင်ဟန်ဇာနည်ဖြိုး | အထက(၄)ချောက် | ချောက် | ချောက် |
| ၅၀ | မခင်ကျော့ကျော့စံ | အထက(၂)ချောက် | ချောက် | ချောက် |
| ၅၁ | ဆလိုင်းဖွဲ့ခန့်ထူး | ကပက- လမ်းမှန် | အောင်လံ | အောင်လံ |
| ၅၂ | မောင်ထွန်းတင့်ရာဇာ | အထက- ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၃ | မနန်းအေးချမ်း | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၄ | မောင်စိုင်းရန်လင်းရွှေ | ကပက- ပညာကျော် | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၅၅ | မငြိမ်းသစ္စာ | အထက(၅)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၅၆ | မောင်ဟန်ထူးလွင် | အထက(၃၇)အောင်မြေသာစံ | အောင်မြေသာစံ | အောင်မြေသာစံ |
| ၅၇ | မရွှေရည်လင်းလက် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၅၈ | မောင်ထွဋ်မြတ်လင်း | ကပက- စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၅၉ | မရွှန်းလဲ့မိုး | ကပက- စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၀ | မောင်ကောင်းဆက်စံ | ကပက- UNITY | ကျောက်ဆည် | ကျောက်ဆည် |
| ၆၁ | မကံ့ကော်ကိုကို | ကပက- UNITY | ကျောက်ဆည် | ကျောက်ဆည် |
| ၆၂ | မောင်လင်းထက်ကို | ကပက- UNITY | မြင်းခြံ | မြင်းခြံ |
| ၆၃ | မမေမြတ်နိုးဇင် | ကပက- UNITY | မြင်းခြံ | မြင်းခြံ |
| ၆၄ | မောင်စည်သူအောင် | ကပက- Scholar | မိတ္ထီလာ | မိတ္ထီလာ |
| ၆၅ | မကေမီကိုကို | ကပက- Scholar | မိတ္ထီလာ | မိတ္ထီလာ |
| ၆၆ | မောင်ဝိုင်းဘိုဇော် | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၆၇ | မောင်ဇင်မင်းခန့် | အထက- လေးရွာ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၈ | မနေခြည်လင်းလက် | အထက(၁)<br>ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၉ | မောင်စံလင်းသူ | အထက- ကင်မွန်းချောင်း | ကျိုက်ထို | ကျိုက်ထို |
| ၇၀ | မဆုရတနာပြည့် | အထက- ပေါင် | ပေါင် | သထုံ |
| ၇၁ | မောင်ဘုန်းလျှံဆင့် | အထက- ကျုံကဒတ် | သံဖြူဇရပ် | မော်လမြိုင် |
| ၇၂ | မအလင်္ကာကဗျာ | အထက(၈)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၇၃ | မခင်နှင်းသက်စံ | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၇၄ | မောင်နေဦးကောင်းကင် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | သင်္ဃန်းကျွန်း |
| ၇၅ | မသိမ့်သီရိဇော် | ကပက- ES4E | သင်္ဃန်းကျွန်း | သင်္ဃန်းကျွန်း |
| ၇၆ | မောင်ကျော်လွှားနိုင် | ကပက- လမင်းသာ | သာကေတ | ဗိုလ်တထောင် |
| ၇၇ | မဆုမြတ်ဦး | ကပက- ပညာရွှေပြည် | သာကေတ | ဗိုလ်တထောင် |
| ၇၈ | မောင်ဝေယံဖြိုး | အထက(၂)ဒဂုံ(ဆိပ်ကမ်း) | ဒဂုံ(ဆိပ်ကမ်း) | ဒဂုံမြို့သစ် |
| ၇၉ | မယွန်းယမုံထွန်း | အထက(၄)ဒဂုံ(အရှေ့) | ဒဂုံ(အရှေ့) | ဒဂုံမြို့သစ် |
| ၈၀ | မောင်ထက်ဦးလွင် | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၈၁ | မမြတ်သံစဉ်ချို | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၈၂ | မောင်ဖွဲ့မြတ်သူ | အထက(၄)စမ်းချောင်း | စမ်းချောင်း | အလုံ |
| ၈၃ | မကေဇင်သော် | အထက(၂)စမ်းချောင်း | စမ်းချောင်း | အလုံ |
| ၈၄ | မောင်မြတ်သီဟစိုး | ကပက- Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၈၅ | မကေဇင်သန့် | ကပက- Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၈၆ | မောင်ကောင်းခန့်ညီမ်း | အထက(၁)သန်လျင် | သန်လျင် | သန်လျင် |
| ၈၇ | မလမြင့်မိုရ်ယံ | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၈၈ | မောင်ကောင်းမြတ်လင်း | အထက(၂)မြို့မ၊ တွံတေး | တွံတေး | တွံတေး |
| ၈၉ | မသက်ဆုစံ | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တွံတေး |
| ၉၀ | မောင်ဟိန်းရောင်ခြည်ဦး | ကပက- မြင့်မြတ်စံ | အင်းစိန် | အင်းစိန် |
| ၉၁ | မယွန်းရွှေလွှာ | အထက(၂) လှိုင်သာယာ(န) | လှိုင်သာယာ(န) | အင်းစိန် |
| ၉၂ | မောင်ကောင်းမြတ်ကျော် | ကပက- ကောင်းစုစံ | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၉၃ | မရေဗက္ကာဇင်မာမြင့်ငွေး | ကပက- ကောင်းစုစံ | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၉၄ | မောင်ဖွဲ့သီဟ | ကပက- HOPE | မှော်ဘီ | မှော်ဘီ |
| ၉၅ | မသက်မွန်လင်း | အထက- မြောင်းတကာ | မှော်ဘီ | မှော်ဘီ |
| ၉၆ | မောင်ခန့်ညီရှင်းသန့် | အထက(၅)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၉၇ | မသံစဉ်ရှင်းသန့် | အထက- ဗထူး | ရပ်စောက် | တောင်ကြီး |
| ၉၈ | မောင်နန္ဒဝေယံ | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၉၉ | မအိသဥ္ဇာစိုး | အထက- ပင်းတယ | ပင်းတယ | ပင်းတယ |
| ၁၀၀ | မောင်စိုင်းကျော်ဇင်သော် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၁ | မသဇင်ဆွေ | အထက(ခွဲ)နောင်မိန်း | လဲချား | လွိုင်လင် |
| ၁၀၂ | မောင်ထွန်းထွန်းဦး | အထက- လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၃ | မစိမ့်ရတီချစ်စု | အထက- မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၀၄ | မောင်ဟိန်းထက်အောင် | အထက(၈)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၅ | မမြတ်ပန်းအိ | အထက(၆)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၆ | မောင်သန့်စင်မိုး | အထက- မိုင်းရယ် | မိုင်းရယ် | တန့်ယန်း |
| ၁၀၇ | နန်းဆိုင်း | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၀၈ | မောင်လုံဂျန့်ဘားမိုင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၀၉ | မကေဇင်ဖြိုး | ကပက- အောင် | မူဆယ် | မူဆယ် |
| ၁၁၀ | မောင်လင်းမြတ်ရှင်း | ကပက- ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၁ | မယွန်းသီရိ | ကပက- ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၂ | မောင်ထက်ဝေလင်း | အထက- မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၁၃ | မအိမ့်နဒီကို | ကပက- ရွှေမဟာ | တာချီလိတ် | တာချီလိတ် |
| ၁၁၄ | မောင်အောင်လင်းထက် | အထက(ခွဲ)လ(၂)မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၅ | မောင်သော်ကောင်းခန့် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၁၆ | မသင်းသဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၁၇ | မောင်ဟိန်းတေဇာ | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၁၁၈ | မနှင်းသဇင်အောင် | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၁၁၉ | မောင်ထွန်းပြည့်လျှံဝေ | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၂၀ | မဒါလီလင်းလက် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၂၁ | မောင်လင်းမြတ်ဦး | အထက- ကနောင် | မြန်အောင် | မြန်အောင် |
| ၁၂၂ | မခွန်းချိုသာဇော် | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၃ | မောင်သုတပိုင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၄ | မမြယမင်းလွင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၅ | မောင်ဝေယံကျော် | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၁၂၆ | မသော်တာစန်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၂၇ | မောင်ကောင်းဇေသန့် | အထက(၁)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၂၈ | မသဥ္ဇာအောင် | ကပက- ဒေါ်မင်းမင်းငွေ | ဖျာပုံ | ဖျာပုံ |
| ၁၂၉ | မောင်ဘုန်းမြင့်မိုရ် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၃၀ | မဆုစန္ဒီတိုး | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၁ | မောင်ကောင်းမြတ်စံ | အထက(၃)ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား |
| ၁၃၂ | မောင်စည်သူအောင် | အထက- ကျည်တောင်ကန် | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၃၃ | မမျိုးသီရိမောင် | ကပက- CAE | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဒွါဒသမတန်း(Grade 12) လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သန့်ကောင်းစံ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မနာအိုမီထွယ်ရာ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်အောင်သီဟသူ | ကပက- ပညာဆီမီး | မိုးကောင်း | မိုးညှင်း |
| ၄ | မလင်းလဲ့နေခြည် | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မဖြိုးပြည့်ပြည့်စံ | အထက- ပူတာအို | ပူတာအို | ပူတာအို |
| ၆ | မောင်စောဘုန်းပြည့်သက်နှစ် | အထက(၁)လှိုင်ကော် | လှိုင်ကော် | လှိုင်ကော် |

စာမျက်နှာ ၁၅ သို့

# မြစ်ကြီးနားမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ခတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။



အလားတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တကလှဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၂ ဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက်၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၄ မှ*

| | | | | |
|---|---|---|---|---|
| ၇ | မအိအိငြိမ်း | အထက(၁)လှိုင်ကော် | လှိုင်ကော် | လှိုင်ကော် |
| ၈ | ခွန်ဝင်းထက်သာ | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၉ | မောင်ကောင်းခန့်ကိုကို | အထက- တံခွန်တိုင် | ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး |
| ၁၀ | မမာန်စန်းလျှန်း | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၁ | မယွန်းလဲ့ဝေ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၂ | မောင်ဝေယံထက် (၁) | ကပက- TWS | ရွှေဘို | ရွှေဘို |
| ၁၃ | မအေးစန္ဒာကျော် | အထက(၃) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၄ | မောင်တင်စိုးဝင်း | ကပက- ဟိန်း | ကျွန်းလှ | ကန့်ဘလူ |
| ၁၅ | မသီရိစံ | ကပက- ဟိန်း | ကျွန်းလှ | ကန့်ဘလူ |
| ၁၆ | မောင်ထက်ဝေယံလင်း | အထက(၇)ကလေး | ကလေး | ကလေး |
| ၁၇ | မဆုရတီဝင်း | ကပက- ရွှေလမင်း | ကလေး | ကလေး |
| ၁၈ | မောင်အားပွမ် | အထက-လဟယ်(စက်၊စိုက်၊မွေး) | လဟယ် | နာဂဒေသ |
| ၁၉ | မသံစဉ်ငြိမ်းအေး | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၀ | မမြတ်နိုးခင် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၁ | မထက်ဆုဝန်း | အထက(၂)ပုလော | ပုလော | မြိတ် |
| ၂၂ | မောင်အောင်ပိုင်ဖြိုး | အထက(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၂၃ | မဖြူဖြူစန်း | အထက(ခွဲ)လ(၄)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၂၄ | မခြူးတိမ်လွှာထက် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၂၅ | မောင်နိုင်းခန့်အောင် | ကပက- ကြယ်စင်သစ် | ညောင်လေးပင် | ညောင်လေးပင် |
| ၂၆ | မောင်ဥက္ကာဇော် | အထက- ရေတာရှည် | ရေတာရှည် | တောင်ငူ |
| ၂၇ | မခင်သီရိစံ | အထက-ကေတုမတီ | တောင်ငူ | တောင်ငူ |
| ၂၈ | မောင်ဖြိုးမြတ်ဇော် | ကပက- ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၂၉ | မစုမွန်မြင့် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၃၀ | မောင်ဇော်ရဲထွဋ် | အထက- အင်းမ | သဲကုန်း | နတ်တလင်း |
| ၃၁ | မထက်ရည်မွန် | အထက-မြို့မ၊ ဇီးကုန်း | ဇီးကုန်း | နတ်တလင်း |
| ၃၂ | မောင်ကောင်းမင်းဆက် | အထက(၅)ပြည် | ပြည် | ပြည် |
| ၃၃ | မမိုးကြည်ပြာကို | ကပက- PEC | ပြည် | ပြည် |
| ၃၄ | မောင်အောင်ကောင်းမြတ် | ကပက- မိသားစု | မကွေး | မကွေး |
| ၃၅ | မသိမ့်သီရိထွဋ် | အထက(၄)မကွေး | မကွေး | မကွေး |
| ၃၆ | မောင်ဖွဲ့ဝေယံလင်း | အထက- ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၃၇ | မောင်သိုက်ထွန်းအောင် | အထက(၁)သရက် | သရက် | သရက် |
| ၃၈ | မောင်ဇာနည်ထွန်း | အထက(၃)ရေနံချောင်း | ရေနံချောင်း | ချောက် |
| ၃၉ | မောင်သက်ဝေလင်း | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၄၀ | မောင်သိန်းသန်းအောင် | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၁ | မသင်းသီရိ | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၂ | မောင်ရဲထက်ကျော် | ကပက- Shwe Kant Kaw | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၄၃ | မနှင်းထက်ဆုဝေ | ကပက- CAE | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၄၄ | မောင်သူရဆန်း | ကပက- မင်းမြန်မာ | အောင်မြေသာစံ | အောင်မြေသာစံ |
| ၄၅ | မောင်ဘုန်းခန့်သော် | ကပက- VEA | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၄၆ | မောင်စိုးဝေဖြိုး | ကပက- သံတော်ဦး | မြစ်သား | ကျောက်ဆည် |
| ၄၇ | မချစ်စုသွယ် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၄၈ | မောင်ရဲရင့်အောင် | ကပက- Scholar | မိတ္ထီလာ | မိတ္ထီလာ |
| ၄၉ | မောင်ဇော်ပိုင် | အထက- ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၅၀ | မစန္ဒာလင်း | ကပက- Forward | ညောင်ဦး | ညောင်ဦး |
| ၅၁ | မောင်ခန့်ညီဟိန်း | အထက(၁)သထုံ | သထုံ | သထုံ |
| ၅၂ | မောင်မင်းခန့်ကျော် | အထက(၁၀)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၅၃ | မနှင်းအိမ်လင်း | အထက(၈)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၅၄ | မောင်ကောင်းခန့်ဇံ | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၅၅ | မောင်ခိုင်ခန့်ဇော် | အထက(၂)ရန်ကင်း | ရန်ကင်း | သဃ်န်းကျွန်း |
| ၅၆ | မောင်ဉာဏ်လင်းထူး | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၅၇ | မအိမ့်ခွန်းသံစဉ် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၅၈ | မောင်ဟိန်းလင်းနိုင် | အထက(၂)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၅၉ | မဇူလိုင်ထွန်း | အထက(၂)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၆၀ | မောင်စွမ်းရည်ထက် | အထက(၄)အလုံ | အလုံ | အလုံ |
| ၆၁ | မဟန်နွယ်ငြိမ်း | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၆၂ | မောင်ထွန်းလင်းနိုင် | ကပက- Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၆၃ | မဆုအိမြစန်း | အထက- လေ့ကျင့်ရေး | ကမာရွတ် | ကမာရွတ် |
| ၆၄ | မောင်ဇေလင်းထက် | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၆၅ | မတင်ဇာလမင်း | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၆၆ | မောင်စိုးလင်းထွန်း | အထက(၁)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တွံတေး |
| ၆၇ | မအေးအေးအောင် | အထက- နတ်စင်ကုန်း | ကော့မှူး | တွံတေး |
| ၆၈ | မောင်ကြည်ခန့်အောင် | အထက(၃)လှိုင်သာယာ(န) | လှိုင်သာယာ(န) | အင်းစိန် |
| ၆၉ | မမြမဉ္ဇူ | အထက(၆)အင်းစိန် | အင်းစိန် | အင်းစိန် |
| ၇၀ | မောင်အောင်ဘုန်းမြတ် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၇၁ | မဆုသျှားလဲ့ဇော် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၇၂ | မောင်စွမ်းထက်ဦး | ကပက- D.YEC | မှော်ဘီ | မှော်ဘီ |
| ၇၃ | မောင်ဟိန်းထက်ဈာန် | အထက(၇)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၄ | မအိသင်ဇာကျော် | အထက- ဗထူး | ရပ်စောက် | တောင်ကြီး |
| ၇၅ | မောင်ခန့်စင်ကြယ် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | ကလော |
| ၇၆ | မသိမ့်သူဇာအောင် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၇၇ | နန်းအွမ်ငင်းခေါင် | အထက- မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၇၈ | မောင်စိုင်းဆိုင်လှိုင်း | အထက(၃)လားရှိုး | လားရှိုး | လားရှိုး |
| ၇၉ | မောင်ကောင်းခန့်သူ | အထက(၁)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၈၀ | မသိမ့်ရတနာထွန်း | အထက(၁)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၈၁ | မောင်ထွန်းထက်အောင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၈၂ | မအေးမြတ်စံ | ကပက- ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၈၃ | မောင်အားဂျေး | အထက- ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၈၄ | မရာခေလှ | အထက- မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၈၅ | မောင်ရဲထွဋ်အောင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၈၆ | မမေစုခိုင် | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၈၇ | မောင်သူရအောင် | အထက(၁)ကျုံပျော် | ကျုံပျော် | ကျုံပျော် |
| ၈၈ | မကောင်းဆုဟံသာ | အထက(၂)ကျောင်းကုန်း | ကျောင်းကုန်း | ကျုံပျော် |
| ၈၉ | စကမ္ဘာပိုင်ဆိုင် | ကပက- ဂုဏ်ထူးပန်းခင်း | ဟင်္သာတ | ဟင်္သာတ |
| ၉၀ | မဖူးပေဟသာဖြိုး | ကပက- ကြယ်တံခွန် | ဟင်္သာတ | ဟင်္သာတ |
| ၉၁ | မအိမ့်ချစ်သဲ | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၉၂ | မောင်အောင်သူရ | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၉၃ | စောမေဖိုး | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၉၄ | မသဒ္ဒါခွန်းချို | အထက(၁)ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၉၅ | မောင်ဖွဲ့ထက်စံ | အထက(၁)<br>ဒေးဒရဲ(စက်၊စိုက်၊မွေး) | ဒေးဒရဲ | ဖျာပုံ |
| ၉၆ | မဂျူးမွန်လင်း | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၉၇ | မောင်စွမ်းသူအောင် | အထက(၅)ဗမ္မာသီရိ | ဗမ္မာသီရိ | ပျဉ်းမနား |
| ၉၈ | မချိုသံလွင်ကို | အထက(၅)ဗမ္မာသီရိ | ဗမ္မာသီရိ | ပျဉ်းမနား |
| ၉၉ | မောင်ကောင်းသန့်ဇာနည် | ကပက- CAE | ဥတ္တရသီရိ | ဥတ္တရ |

# မီးဘေးအန္တရာယ်ကို အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်ကြပါ

စောအောင်လင်း

**ပူပြင်းလာသည့် နွေရာသီသို့ရောက်ရှိလာချိန်၌ မီးလောင်ကျွမ်းမှု ဖြစ်စဉ်သတင်းများကို ခပ်စိပ်စိပ်ကြားနေရသည်။ မီးလောင်ကျွမ်းမှုသည် နွေရာသီတွင် ပိုမိုဖြစ်ပွားတတ်သော်လည်း ရာသီမရွေး၊ အချိန်မရွေး၊ နေရာမရွေးဖြစ်ပေါ်တတ်ပါသည်။ မီးကိုသုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟု ဆိုကြသည်။ မဖြစ်မနေ သုံးစွဲရသည်မှာ မှန်သော်လည်း ပေါ့ဆမှု၊ မရှိသေမှုများကြောင့် မီးဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည်ကို သတိပြုကြရပါမည်။**

မီးလောင်ကျွမ်းမှုဖြစ်စဉ်များကို လေ့လာရာတွင် ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မီးဖိုမီး၊ မသမာသူရှို့မီး၊ တောမီး၊ အလိုအလျောက်မီးဆိုသည့် မီးလောင်မှုအမျိုးအစားများကို တွေ့ရသည်။ ယင်းတို့ထဲမှ ပေါ့ဆမီးနှင့် လျှပ်စစ်မီးကြောင့် လောင်ကျွမ်းမှုများက ပိုမိုများပြားပါသည်။

မီးလောင်ကျွမ်းခြင်းသည် အပူနှင့်အလင်းထွက်ပေါ်လာသည့် ဓာတ်ပြုမှု သို့မဟုတ် ဓာတ်ပြုမှုတစ်ခုဖြစ်သည်။ ဓာတ်ပြုမှုနှေးကွေးပါက ဓာတ်တိုးမှု နှေးကွေးသည်။ လောင်ကျွမ်းမှုသည် အလွန်လျင်မြန်သည့် နှုန်းနှင့် ဓာတ်ပြု၍ အပူနှင့်အလင်းကို ထုတ်လွှတ်ပေးသည်။ မီးလောင်မှုတစ်ခုဖြစ်ရန် အပူ၊ အောက်ဆီဂျင်နှင့် လောင်စာတို့ လိုအပ်သည်။ ထိုသုံးမျိုးပေါင်းစည်းမိသွားသည့်အချိန်တွင် မီးလောင်ကျွမ်းမှုကို ဆက်လက်ဖြစ်ပေါ်စေသည်။ ထို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပါက ဖော်ပြပါသုံးမျိုးထဲမှ တစ်မျိုးမျိုးကို ဖယ်ထုတ်ငြိမ်းသတ်ရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ နှစ်စဉ် တစ်နှစ်လျှင် ပျမ်းမျှအကြိမ် ၁၈၀၀ ကျော်ဖြစ်ပေါ်နေပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာလည်း တစ်နှစ် ပျမ်းမျှ ငွေကျပ် ၁၅ ဘီလီယံခန့်ရှိသည်ဟု မှတ်သားရပါသည်။

> ❖ **မီးလောင်ကျွမ်းမှုကြောင့် အနှစ်နှစ်အလလက ရှာဖွေစုဆောင်းထားသည့် အိုးအိမ်၊ စည်းစိမ်ဥစ္စာများသည် နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ပြာပုံဘဝသို့အချိန်မရွေး ရောက်ရှိသွားကြရသည်။ အခန့်မသင့်လျှင် လူတို့၏အသက်များကိုပါ ပေးဆပ်ကြရသည်။ တစ်ဆက်တည်း နိုင်ငံတော်ပိုင် အခြေခံ အဆောက်အအုံများကိုလည်း ပျက်စီးဆုံးရှုံးနိုင်ခြင်းကြောင့် မီးဘေးအန္တရာယ်မဖြစ်စေရန် ပြည်သူတစ်ရပ်လုံးက အလေးထားကြရပါမည်**
>
> ❖ **အရေးကြီးသည့်အချက်တစ်ခုမှာ မီးလောင်မှုဖြစ်ပွားပါက ပတ်ဝန်းကျင်ကသိရှိမည်ကို စိုးရိမ်၍ ကျိတ်ပြီးငြိမ်းသတ်နေခြင်းမပြုဘဲ ပတ်ဝန်းကျင်၏ အကူအညီကိုတောင်းခံကာ မီးကိုငြိမ်းအောင် ငြိမ်းသတ်ရန်ဖြစ်**

မီးလောင်ကျွမ်းမှုကြောင့် အနှစ်နှစ်အလလက ရှာဖွေစုဆောင်းထားသည့် အိုးအိမ်၊ စည်းစိမ်ဥစ္စာများသည် နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ပြာပုံဘဝသို့ အချိန်မရွေး ရောက်ရှိသွားကြရသည်။ အခန့်မသင့်လျှင် လူတို့၏ အသက်များကိုပါ ပေးဆပ်ကြရသည်။ တစ်ဆက်တည်း နိုင်ငံတော်ပိုင် အခြေခံအဆောက်အအုံများကိုလည်း ပျက်စီးဆုံးရှုံးနိုင်ခြင်းကြောင့် မီးဘေးအန္တရာယ်မဖြစ်စေရန် ပြည်သူတစ်ရပ်လုံးက အလေးထားကြရပါမည်။

ယခုတစ်လော မီးလောင်မှုဖြစ်စဉ်များကိုလေ့လာရာတွင် လျှပ်စစ်မီးကို စည်းကမ်းမဲ့သုံးစွဲမှုနှင့် ပေါ့ဆစွာ အသုံးပြုခြင်းများကြောင့် ဖြစ်ပွားကြသည်ကို တွေ့ရသည်။ ခေတ်မီတိုးတက်မှုများနှင့်အတူ ပြောင်းလဲသုံးစွဲလာကြသည့် လူ့အသုံးအဆောင်ပစ္စည်းများ၌ လျှပ်စစ်ကို အသုံးပြုကြသည်။ လျှပ်စစ်မီးကို ပေါ့ဆစွာအသုံးပြုရာမှ အပူလွန်ကဲမှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ကြခြင်းဖြစ်သည်။

အထူးသဖြင့် မြို့ပြဒေသများတွင် လူနေပိုမိုထူထပ်လာခြင်းကြောင့် အိမ်ခြေများ ပိုမိုများပြားလာသည်။ အချို့နေရာများတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင်လာကြသည်။ ထိုအဆောက်အအုံအချို့တွင် လူနေရုံသက်သက်မဟုတ်ဘဲ ကုန်ပစ္စည်းများ သိုလှောင်ခြင်း၊ လုပ်ငန်းများလုပ်ကိုင်ခြင်းများလည်း ရှိနေခြင်းကြောင့် မီးဘေးအန္တရာယ်ကို ပိုမိုသတိပြုကြရမည်ဖြစ်သည်။

အချို့အဆောက်အအုံများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများကို ထည့်သွင်းတည်ဆောက်ထားကြသော်လည်း အချို့အဆောက်အအုံများသည် အရေးပေါ်ထွက်ပေါက်ကိုပင် ထည့်သွင်းမထားသည်ကို မြင်တွေ့ရသည်။ အထူးသဖြင့် ကုန်တိုက်ကြီးများ၊ အရောင်းဆိုင်များ၊ ဟိုတယ်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ သိုလှောင်ရုံများ၊ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ရုံးအဆောက်အအုံများ ဆောက်လုပ်ရာတွင် မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများ ထည့်သွင်းတွက်ချက် ဆောက်လုပ်၍ မီးငြိမ်းသတ်ရေးပစ္စည်းများကိုလည်း ပြည့်စုံအောင် ထားရှိရပါမည်။

ထို့အပြင် အရေးပေါ်ပြန်လည်တုံ့ပြန်ရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပစ္စည်းသယ်ယူရေးအဖွဲ့ စသည်တို့ကို စနစ်တကျဖွဲ့စည်း၍ သင်တန်းပေးခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို မီးသတ်ဦးစီးဌာနမှ အကူအညီရယူဆောင်ရွက်ထားရပါမည်။ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုလည်း မီးဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။ ရုံးပိတ်ချိန်၊ ညအိပ်ချိန်၊ လုပ်ငန်းပြီးဆုံးချိန်များတွင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်၍ မီးခလုတ်များ၊ ကွန်ပျူတာများ၊ အခြားလုပ်ငန်းသုံးပစ္စည်းများနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပစ္စည်းများကို စစ်ဆေးသင့်ပါသည်။

အဆောက်အအုံအချို့တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရန် မီးအားမြှင့်စက်၊ မီးအားထိန်းစက်များနှင့် ဆိုလာစနစ်များကို တပ်ဆင်အသုံးပြုကြသည်။ သုံးစွဲရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အမြဲစစ်ဆေးအသုံးချကြရန် လိုအပ်ပါသည်။ တပ်ဆင်အသုံးပြုထားသည့် ဝိုင်ယာကြိုးများ၊ မီးခလုတ်များ၊ မီးပလပ်များသည် ခံနိုင်ဝန်အားနှင့်မျှတမှု ရှိ၊ မရှိ၊ ပျက်စီးချွတ်ယွင်းမှု ရှိ၊ မရှိ စစ်ဆေး၍ သုံးစွဲရန် မသင့်တော်ပါက အသစ်လဲလှယ်အသုံးပြုရပါမည်။

အချို့လမ်းသွယ်၊ လမ်းကြားများတွင် ယာဉ်များစည်းကမ်းမဲ့ရပ်နားထားမှု၊ ဈေးဆိုင်များဖွင့်လှစ်ရောင်းချမှု၊ လုပ်ငန်းများလုပ်ကိုင်မှုများကြောင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ယာဉ်များ အဝင်အထွက်ကို အနှောင့်အယှက်ဖြစ်စေပါသည်။ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ၊ ဝိုင်ဖိုင်ကြိုးများ တပ်ဆင်ရာတွင်လည်း အန္တရာယ်ကင်းစေရန်နှင့် စည်းကမ်းစနစ်တကျဖြစ်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မီးလောင်မှုဖြစ်ပွား၍ မီးငြိမ်းသတ်နေစဉ် မီးသတ်ယာဉ်များကို အနှောင့်အယှက်ဖြစ်စေမည့် ဝိုင်းအုံကြည့်ရှုခြင်း၊ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးကြခြင်းများကိုလည်း ဆင်ခြင်သင့်ကြပါသည်။

အရေးကြီးသည့်အချက်တစ်ခုမှာ မီးလောင်မှုဖြစ်ပွားပါက ပတ်ဝန်းကျင်ကသိရှိမည်ကို စိုးရိမ်၍ ကျိတ်ပြီး ငြိမ်းသတ်နေခြင်းမပြုဘဲ ပတ်ဝန်းကျင်၏ အကူအညီကိုတောင်းခံကာ မီးကိုငြိမ်းအောင် ငြိမ်းသတ်ရန်ဖြစ်ပါသည်။ အချို့က ကျိတ်၍ ငြိမ်းသတ်နေရာမှ မနိုင်မနင်းဖြစ်ကာ မီးလောင်ဆုံးရှုံးမှု ပိုမိုများပြားလာပါသည်။

မီးဘေးရှောင်မလောင်ခင်တားဆိုသည့်အတိုင်း မီးလောင်မှုမဖြစ်ပွားစေရန် ပြည်သူတစ်ဦးချင်းစီက ကိုယ်စီအသိတရားဖြင့် သတိထားကြရပါမည်။ မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးတာဝန်တစ်ခုတည်းသာမဟုတ်ဘဲ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေကြသည်။ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အွန်လိုင်းများမှတစ်ဆင့် အိမ်တိုင်းအိမ်တိုင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို ထုတ်ပြန်ထားပါသည်။

### မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများနှင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စစ်ပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသော အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ အမွှေးဆီ စသည့် မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟုသေချာမှသာ စနစ်တကျ စွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြုတ်သိမ်းခြင်း၊ မီးငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှကို သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲ အစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။

*စာမျက်နှာ ၁၇ သို့*

# ဒစ်ဂျစ်တယ်ဝန်ဆောင်မှု ချိုးဖောက်ခြင်းတိုက်ဖျက်မှုဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲကျင်းပ

## Software နှင့် Digital Content လုပ်ငန်းများက ယနေ့ခေတ်တွင် နိုင်ငံ့စီးပွားရေးအတွက် အရေးပါသည့် အခြေခံယန္တရားများအဖြစ် ပါဝင်လည်ပတ်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဒစ်ဂျစ်တယ်ဝန်ဆောင်မှု ချိုးဖောက်ခြင်းတိုက်ဖျက်မှု (Anti–Piracy)ဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ Eravati Hotel ၌ ကျင်းပသည်။



**တာဝန်ရှိသူများ တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ ဒစ်ဂျစ်တယ်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(DPDC)၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ရုပ်သံလိုင်းများ၊ ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ကားများ စိစစ်ရေးအဖွဲ့ဝင်များ စသည့် ဒစ်ဂျစ်တယ်မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က ယနေ့ကာလတွင် တရားမဝင်ခိုးကူးဖြန့်ချိမှု (Digital Piracy) များသည် ပုံစံအမျိုးမျိုးဖြင့် အားကောင်းလာပြီး ဖန်တီးရှင်များ၏ အကျိုးစီးပွားကိုသာမက နိုင်ငံတော်၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုပါ ထိခိုက်မှုများရှိလာသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ တရားမဝင်ခိုးကူးမှုများသည် ဖန်တီးရှင်များ၏ အားထုတ်မှုနှင့် အရင်းအနှီးကို တိုက်ရိုက်ခိုးယူခြင်း ဖြစ်ပါကြောင်း၊ ယင်းမှာ မူပိုင်ခွင့်ချိုးဖောက်မှုထက်ကျော်လွန်ပြီး အနုပညာနှင့် နည်းပညာစနစ်တစ်ခုလုံးကို ပျက်စီးစေသည့် လုပ်ရပ်ပင် ဖြစ်ပါကြောင်း။

ထိုလုပ်ရပ်များကို ထိရောက်စွာမတားဆီးနိုင်ပါက အရည်အသွေးမြင့် ဖန်တီးမှုအသစ်များ ထွက်ပေါ်လာရန် အဟန့်အတားဖြစ်စေမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်း၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ၊ ဂီတလုပ်ငန်းများ၊ Software နှင့် Digital Content လုပ်ငန်းများက ယနေ့ခေတ်တွင် နိုင်ငံ့စီးပွားရေးအတွက် အရေးပါသည့် အခြေခံယန္တရားများအဖြစ် ပါဝင်လည်ပတ်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများ၏ ဝင်ငွေသည်လည်း အများအားဖြင့် Broad–casting Rights နှင့် Digital Distribution ပေါ်တွင် အဓိက အားထားနေရပါကြောင်း။

**နည်းပညာကာကွယ်ရေးကို တွဲဖက်အသုံးချ**

Digital Piracy ပြဿနာသည် နိုင်ငံတစ်နိုင်ငံအတွင်းသာ ဖြစ်ပေါ်နေသည့် ပြဿနာမဟုတ်တော့ဘဲ နယ်စပ်ဖြတ်ကျော်ခြင်း၊ ပလက်ဖောင်းမျိုးစုံအသုံးပြုပြီး ချိုးဖောက်ခြင်း၊ Cloud စနစ်များ အသုံးပြုပြီး ချိုးဖောက်ခြင်းမှတစ်ဆင့် ဖြစ်ပေါ်နေသည့် အပြည်ပြည်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည့်အတွက် မူပိုင်ခွင့်ကာကွယ်ရေးကို ဥပဒေတစ်ခုတည်းဖြင့်သာ မဖြေရှင်းနိုင်တော့ဘဲ နည်းပညာအခြေပြုကာကွယ်ရေးစနစ်များကို တစ်ပြိုင်နက်အသုံးချရန် လိုအပ်လာပါကြောင်း၊ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲတွင် အဆိုပါလိုအပ်ချက်များနှင့် ကိုက်ညီသည့် အရေးပါသော လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်၍ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ နည်းပညာပံ့ပိုးသူများ၊ ဖန်တီးသူများနှင့် ပြည်သူအားလုံး ပူးပေါင်းလက်တွဲ၍ ဥပဒေစိုးမိုးမှုနှင့် နည်းပညာကာကွယ်ရေးကို တွဲဖက်အသုံးချ၍ လုံခြုံမှုရှိပြီး တရားမျှတသည့် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တစ်ရပ်ကို မြန်မာနိုင်ငံတွင် အတူတကွ တည်ဆောက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ GTL Group of Companies ၏ Chairman ဒေါက်တာစိန်ထူးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ရုရှားနိုင်ငံ၊ နည်းပညာဆိုင်ရာ နိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် Positive Technologies မှ Anti–Piracy Solu–tions ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် Mr. Milogolov Sergey နှင့် Mr.Goncharov Stanislav Andree–vich တို့က ရုရှားနိုင်ငံနှင့် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှု ချိုးဖောက်ခြင်းတိုက်ဖျက်မှု (Anti–Piracy Solu–tions) ဆိုင်ရာ နည်းပညာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ ပါဝင်မေးမြန်းဆွေးနွေးကြပြီး နည်းပညာကျွမ်းကျင်သူများက Anti–Piracy Solutions ဆိုင်ရာ လက်တွေ့ဆောင်ရွက်နိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာကဇာတ်ရုံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အဆောက်အအုံ အရည်အသွေးပြည့်ဝစွာ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်မဖြစ်ပေါ်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။ **သတင်းစဉ်**

# လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကျန်ထဝုန်း ဦးဆောင်သောအဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

## စီးပွားရေး၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာကိစ္စရပ်များတွင် တိုးတက်သော ဆက်ဆံရေးရရှိစေရန် ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စများ ဆွေးနွေးဆောင်ရွက်ရန် လာအို-မြန်မာ ချစ်ကြည်ရေးအသင်း (LMFA) ဥက္ကဋ္ဌ ကျန်ထဝုန်း ဦးဆောင်သောအဖွဲ့သည် ယမန်နေ့က လာအိုနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးနှင့်အတူ မြန်မာ–လာအိုအသင်း အဖွဲ့ဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကျန်ထဝုန်း ဦးဆောင်သောအဖွဲ့တွင် နယ်ပယ်စုံမှ ကိုယ်စားပြုပုဂ္ဂိုလ်များ ပါဝင်ကာ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာကိစ္စရပ်များတွင် တိုးတက်သော ဆက်ဆံရေးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နေပြည်တော်သို့ သွားရောက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဗုဒ္ဓဘာသာနိုင်ငံများအကြား စံနမူနာဖြစ်**

ခရီးစဉ်နှင့်ပတ်သက်၍ လာအို–မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ဒေသတွင်း ဗုဒ္ဓဘာသာနိုင်ငံများအကြား ဗုဒ္ဓသာသနာထွန်းကားမှုတွင် စံနမူနာဖြစ်သည့် မြန်မာနိုင်ငံသို့ လာရောက်ရခြင်းအပေါ် ပျော်ရွှင်ကျေနပ်မိကြောင်း၊ အိမ်နီးချင်းကောင်းဖြစ်သည့် မြန်မာနှင့် ကူးသန်းဆက်သွယ်နိုင်မှု ပိုမိုဆောင်ရွက်နိုင်ရေး စိတ်အားထက်သန်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် ပြည်သူများ မီးသတိမူနိုင်ရေးအတွက် မီးဘေးလုံခြုံရေး အသိပညာလက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၏ ကြီးကြပ်မှုဖြင့် မီးသတ်ဦးစီးဌာန အရာရှိနှင့် တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာများဖြစ်သည့် မဟာဗန္ဓုလပန်းခြံရှေ့ မြို့တော်ခန်းမရှေ့နှင့် ဆူးလေဘုရားလမ်းရှိ ခရီးသွားပြည်သူများသို့ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၆ မှ*

နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်။ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦး အတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်။ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သောပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

ရန်သူမျိုးတစ်ပါးဖြစ်သည့် မီးဆိုသည်မှာ မလောင်ခင်က ကြိုတင်ကာကွယ်၍ရနိုင်ပါသည်။ မီးလောင်မှ ငြိမ်းသတ်ခြင်းထက် မီးမလောင်အောင် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် ပြည်သူတိုင်းတွင် တာဝန်ရှိပါသည်။ မီးဘေးအန္တရာယ်သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သို့ဖြစ်ပေါ်မည်ကို ကြိုတင်၍မသိရှိနိုင်ပါ။ သို့ပါ၍ ပြည်သူတစ်ဦးချင်းစီက ရာသီမရွေးဖြစ်ပေါ်နိုင်သည့် မီးဘေးအန္တရာယ်ကို အသိ၊ သတိဖြင့် ကြိုတင်ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ အစ္စရေးသို့ နိုင်ငံတော်ခရီးစဉ်သွားရောက်၊ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ကြိုးစား

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

**အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် အစ္စရေးသို့ နှစ်ရက်ကြာ နိုင်ငံတော်ခရီးစဉ် သွားရောက်ခဲ့သည်။ မိုဒီသည် နှစ်နိုင်ငံကြား လုံခြုံရေးနှင့် အခြားနယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စိတ်အားထက်သန်လျက်ရှိသည်။**



အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ ဓာတ်ပုံ-အင်န်ဒီတီဗွီ

အိန္ဒိယဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် အစ္စရေးပါလီမန်၌ ပထမဆုံး မိန့်ခွန်းပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အစ္စရေးကို ဟားမားစ်တို့ တိုက်ခိုက်မှုအတွင်း သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း မိုဒီက ဖော်ပြခဲ့သည်။

သင်တို့၏နာကျင်မှုကို ခံစားရပါကြောင်း၊ သင်တို့၏ ဝမ်းနည်းပူဆွေးမှုများကို အတူတကွ မျှဝေနားလည်ပါကြောင်း၊ အခုအချိန်မှသည် အနာဂတ်အချိန်ထိတိုင်အောင် အိန္ဒိယသည် အစ္စရေးနှင့်အတူ ယုံကြည်ချက်အပြည့်ဖြင့် အခိုင်အမာ ရပ်တည်လျက်ရှိကြောင်း မိုဒီက ပြောကြားခဲ့သည်။

အားလုံးအတွက် တရားမျှတပြီး ရေရှည်ငြိမ်းချမ်းရေးအဖြစ် မကြာခဏပြောပြောနေသည့် အမေရိကန်ကြားဝင်စေ့စပ်ပေးသည့် ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို ထောက်ခံပါကြောင်းလည်း မိုဒီက ဆက်လက်ပြောကြားသည်။

ယခုအကြိမ်သည် မိုဒီ အစ္စရေးနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်သွားရောက်သည့် ဒုတိယအကြိမ်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ပထမဆုံး အိန္ဒိယဝန်ကြီးချုပ်ဖြစ်ချိန်ကလည်း မိုဒီသည် အစ္စရေးနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်သွားရောက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## လျှင်ဒဏ်ကြောင့် အာဖဂန်ကလေးငယ် ၂၅၀၀၀ ခန့် ယာယီတဲများတွင် ခိုလှုံနေရ

**ကဘူးလ် ဖေဖော်ဝါရီ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကူနာပြည်နယ်ရှိ ကလေးငယ်ပေါင်း ၂၅၀၀၀ ခန့်သည် ဒေသတွင်းကို ပျက်စီးစေခဲ့သော အင်အားပြင်းလျှင်ကြီး ဖြစ်ပွားပြီး ခြောက်လအကြာအထိ ယာယီတဲများတွင်သာ ဆက်လက်နေထိုင်နေရကြောင်း နိုင်ငံတကာကူညီကယ်ဆယ်ရေး အဖွဲ့ဖြစ်သည့် Save the Children က ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ပြန်သည်။

ဘေးသင့် မိသားစုများသည် မိုးကာတဲများအတွင်း အအေးဒဏ်ကာကွယ်ရန် ထင်းနှင့် ကျောက်မီးသွေးသုံး အပူပေးစက်များကိုသာ အားကိုးနေရသဖြင့် မီးဘေးအန္တရာယ်ရှိနေကြောင်းနှင့် တောင်ထူထပ်သောဒေသတွင် နေအိမ်များ ပြန်လည်တည်ဆောက်ရေးမှာလည်း မစတင်နိုင်သေးဘဲ အချို့ကျေးရွာများတွင် ပျက်စီးမှုမှာ အလွန်ကြီးမားလွန်းသဖြင့် ပြန်လည်တည်ဆောက်ရန် လုံးဝဖြစ်နိုင်တော့မည် မဟုတ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ် နူရ်ဂယ်ခရိုင် ဂါဇီအာဘတ်ကျေးရွာအုပ်စု၌ လျှင်လှုပ်ပြီးနောက် ယာယီတဲအောက်တွင် နေထိုင်နေရသော မိသားစုတစ်စု။ (ဓာတ်ပုံ- ယူနီဆက်ဖ်)

လျှင်ကြောင့် ပညာရေးအခြေခံအဆောက်အအုံများလည်း ပြင်းထန်စွာထိခိုက်ခဲ့ပြီး စာသင်ခန်းပေါင်း ၁၃၀၀ ခန့်၏ ထက်ဝက်ကျော်မှာ လုံးဝ(သို့မဟုတ်)တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည်။ လျှင်လှုပ်မှုမဖြစ်ပွားမီကပင် သဘာဝဘေးဒဏ် အပြင်းထန်ဆုံးခံရသည့် ကူနာပြည်နယ်တွင် မူလတန်းအရွယ် ကလေးငယ် ၅၀၀၀၀ ခန့်မှာ ကျောင်းတက်ရောက်နိုင်ခြင်း မရှိတော့ကြောင်း အဆိုပါအဖွဲ့၏ အစီရင်ခံစာက ဆိုသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ် ၃၁ ရက်က အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၆ အဆင့်ရှိ လျှင်သည် ကူနာပြည်နယ်တွင် အဓိက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံ၏သမိုင်းတွင် အသေအပျောက်အများဆုံး သဘာဝဘေးအန္တရာယ်များထဲမှ တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **ဆင်ဟွာ**

## မလေးရှားနိုင်ငံအခြေစိုက် ဘလော့ချိန်းကုမ္ပဏီတွင် ကမ္ဘာ့ဘဏ်က ဒေါ်လာ သန်း ၄၀ ရင်းနှီးမြှုပ်နှံ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၆**

ကမ္ဘာ့ဘဏ်အုပ်စု၏လက်အောက်ခံ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (အိုင်အက်ဖ်စီ)မှတစ်ဆင့် မလေးရှားအခြေစိုက် ဘလော့ချိန်းကုမ္ပဏီဖြစ်သည့် ဇီးထရစ်ဇ်အေအိုင်ဘာဟက်ဒ်တွင် အစုရှယ်ယာတန်ဖိုး ရင်းဂစ် ၁၅၅ ဒသမ ၆ သန်း (အမေရိကန်ဒေါ်လာသန်း ၄၀) ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြောင်း ကြေညာလိုက်သည်။

အဆိုပါအဖွဲ့အစည်းနှစ်ခုက ဖေဖော်ဝါရီ ၂၅ ရက် က ထုတ်ပြန်သည့် ကြေညာချက်တွင် အဆိုပါရင်းနှီးမြှုပ်နှံမှုသည် မလေးရှားနှင့် အာဆီယံဒေသတစ်ခုလုံးတွင် ဒစ်ဂျစ်တယ်ကဏ္ဍ၌ အားလုံးပါဝင်နိုင်မှု၊ ဝန်ဆောင်မှုများကို ရယူနိုင်မှုနှင့် စီးပွားရေးဆိုင်ရာ ထိရောက်မှုများကို မြှင့်တင်ရန်ရည်ရွယ်သည့် ဘလော့ချိန်းအခြေပြု ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ(ဒီပီအိုင်) အက်ပလီကေးရှင်းသစ်များနှင့် ဉာဏ်ရည်တုနည်းပညာ(AI)သုံးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖြန့်ကြက်နိုင်စေရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံတွင် အဆိုပါဝန်ဆောင်မှုအသစ်များသည် နိုင်ငံ၏ ဒစ်ဂျစ်တယ်အထောက်အထားစနစ်ဖြစ်သော မိုင်ဒစ်ဂျစ်တယ်အိုင်ဒီနှင့် နိုင်ငံတော်အဆင့် ဘလော့ချိန်းဝန်ဆောင်မှုကွန်ရက်ဖြစ်သော မလေးရှားဘလော့ချိန်း အခြေခံအဆောက်အအုံတို့မှတစ်ဆင့် နိုင်ငံ၏ ဒစ်ဂျစ်တယ်ဂေဟစနစ်နှင့် ပေါင်းစည်းချိတ်ဆက်သွားမည် ဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုသည် ဇီးထရစ်ဇ်အေအိုင်၏ ဒစ်ဂျစ်တယ်အခြေခံဝန်ဆောင်မှုများကို အာဆီယံနှင့် ကမ္ဘာတစ်ဝန်းရှိ ထွန်းသစ်စဈေးကွက်များသို့ တိုးချဲ့သွားနိုင်ရန်အတွက်လည်း အထောက်အပံ့ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၄၀ ခန့် ရှိလာ

**ရီယိုဒီဂျနေးယိုး ဖေဖော်ဝါရီ ၂၆**

ဘရာဇီးနိုင်ငံ၌ စံချိန်တင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၄၀ ခန့် သေဆုံးခဲ့ပြီး လူများစွာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် အရှေ့တောင်ပိုင်းပြည်နယ်ဖြစ်သည့် မီနက်စ်ဂျရေ့စ်တွင် ရေကြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူဦးရေ ၄၀ ခန့်ရှိသည်ဟု အာဏာပိုင်များက အတည်ပြုခဲ့သည်။ ပျောက်ဆုံးနေသူ ၃၀ ခန့်ရှိနေသေးသည့်အတွက် အာဏာပိုင်များက ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

ဂျူအီဒက်ဖော်ရာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို အဆိုးရွားဆုံးခံစားရပြီး အဆိုပါမြို့မှ လူပေါင်း ၃၅၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသူများထဲတွင် မြေပြိုမှုကြောင့် နေအိမ်ဆုံးရှုံးသွားသူများလည်း ပါဝင်သည်။

ပြင်းထန်သည့် မိုးရွာသွန်းမှုအခြေအနေကြောင့် ပျက်စီးဆုံးရှုံးမှုတိုးလာသည်ဟု အာဏာပိုင်များက ယူဆသည်။ စုစုပေါင်းမိုးရေချိန်မှာ ဖေဖော်ဝါရီလအတွက် မျှော်မှန်းထားသည်ထက် သုံးဆပို၍များပြားသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**




## ၂၀၂၅ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း စံချိန်တင်ကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၂၆**

၂၀၂၅ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၌ ကလေး ခုနစ်သိန်းကျော် မွေးဖွားခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ပဏာမအချက်အလက်များအရ သိရှိရပြီး အဆိုပါအရေအတွက်သည် ကလေးမွေးဖွားမှုနှုန်းစံချိန်တင် ကျဆင်းမှုကို ပြသလျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံခြားမိဘများမှ မွေးဖွားသည့်ကလေးများအပါအဝင် ကလေး ၇၀၅၈၀၉ ဦး မွေးဖွားခဲ့ပြီး ၂၀၂၄ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ကလေးဦးရေမှာ ၁၅၁၇၉ ဦးရေ ကျဆင်းသွားသည်။

အဆိုပါအရေအတွက်သည် ၁၀ နှစ်ဆက်တိုက် ကလေးမွေးဖွားမှု ကျဆင်းခြင်းကို ဖော်ပြလျက်ရှိပြီး ၁၈၉၉ ခုနှစ်နောက်ပိုင်း ကလေးမွေးဖွားမှုနှုန်း အနိမ့်ဆုံးအရေတွက်လည်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၂၀၄၂ ခုနှစ်သို့ ရောက်လျှင် ၇၁၀၀၀၀ အောက်သို့ ကျဆင်းသွားမည်ဟု အမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေးသုတေသနဌာနက ၂၀၂၃ ခုနှစ်တွင် ခန့်မှန်းထားသည်။

၂၀၂၅ ခုနှစ်အတွင်း တိုကျို၌ မွေးဖွားသည့် ကလေးဦးရေ ၈၈၅၁၈ ဦးရှိပြီး ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၁၄၂ ဦး တိုးလာခဲ့သည်။ ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ကျဆင်းသွားခြင်းလည်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မီးလောင်မှုဖြစ်ပွားခဲ့သည့် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ အာဟာရသုခဈေး ပျက်စီးဆုံးရှုံးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာ အာဟာရသုခဈေးအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်ကို နေပြည်တော်မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက Level -2 မီးငြိမ်းသတ်ယာဉ်များနှင့် ရေသယ်ယာဉ် စုစုပေါင်း ၃၅ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်မှာ အာဟာရသုခဈေး ဈေးရုံအမှတ် (၁)လျှောက်လမ်းတွင် ထွန်းထားသည့် လုံခြုံရေးမီး (LED) အပူလွန်ရှော့ဖြစ်ရာမှ ဆိုင်ခန်းအမှတ် (၇၄) သိန်းကမ္ဘာ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်တွင် အုပ်မိုးထားသည့် မိုးကာပေါ်သို့ကျကာ မီးစတင် လောင်ကျွမ်းခဲ့ပြီး မီးလောင်ခဲ့မှုကြောင့် ခြောက်ပေပတ်လည် ဈေးဆိုင်ခန်း ၂၄၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**




## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ကန်လှ-ကန်ဘေး-ကုန်းပေါ်



စု-မဒ္ဒေါ်ပင်၊ ဂုဏ်မင်းမြောင်-ထိန်တော-ခြင်ပစ်-ဥသျှစ်လှိုင်း ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း လမ်းတိုးချဲ့ခြင်းလုပ်ငန်းတို့အား ကြည့်ရှုစစ်ဆေးကာ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီဝင်သည် ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာတွင် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် နှစ်လက်မပိုက်လိုင်း ပေ ၉၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ဒက္ခိဏသီရိမြို့နယ်တွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒက္ခိဏသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**



## အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်ရှိ Wyndham Grand Yangon Hotel ၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး၏ ကြီးကြပ်မှုဖြင့် အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင် ကာကွယ်ရေး အတွက် အသိပညာပေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီခွဲက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီး ဦးဆောင်၍ မြို့နယ် မီးသတ်ဦးစီးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၆ ဦးတို့ဖြင့် ခရိုင်အဆင့် အထပ်မြင့်အဆောက်အအုံ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ အရေးပေါ် အခြေအနေတွင် ဟိုတယ်ဝန်ထမ်းများ ချက်ချင်းတုံ့ပြန်ဆောင်ရွက်မှု လုပ်ဆောင်ချက်များကို အသိပညာပေးခြင်း၊ ဟိုတယ်ရှိ အထပ်မြင့်မီးငြိမ်းသတ်ရေးအတွက် အသင့်တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထိန်းသိမ်းကိုယ်တွယ်အသုံးပြုနည်း အသိပညာပေးခြင်း၊ ဟိုတယ်ရှိ Fire Engines Access Ways လမ်းကြောင်းများတွင် မီးသတ်ယာဉ်များ နေရာယူချဉ်းကပ်မှုတို့ကို အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးများ ထိန်းသိမ်းကိုင်တွယ် ငြိမ်းသတ်ခြင်း နည်းစနစ်တို့အား သရုပ်ပြဆောင်ရွက်ခဲ့ရာ ဟိုတယ်ဌာနအသီးသီးမှ ဝန်ထမ်း ၅၀၀ တို့က ပူးပေါင်းဆောင်ရွက်သည်။



**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ကတိုက်ရေလှောင်တမံဆည်ရေဖြင့် နှမ်းစပါးများ အောင်မြင်ဖြစ်ထွန်း

**ပေါင် ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံမှ ဆည်ရေဖြင့် နှမ်းစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သထုံခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ သိရသည်။

ကတိုက်ရေလှောင်တမံမှ ဆည်ရေဖြင့် နှမ်းစပါး သီးထပ်စိုက်ပျိုးရာတွင် မိုးစပါးထက် အထွက်နှုန်းပိုမိုကောင်းမွန်ခြင်းကြောင့် တောင်သူများတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ကတိုက်ဆည်ရေသောက်၏ စိစစ်ပြီး ဧရိယာမှာ ဧက ၁၀၀၀၀ ဖြစ်သော်လည်း တိုးချဲ့စိုက်ပျိုးလာသည့် စိုက်ကေများအပေါ် ရေလုံလောက်စွာ ပေးဝေနိုင်ရန် ဆည်ရေစတင်မပေးဝေမီ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မိတ်ဖက်ဌာနများနှင့် ရေအသုံးချသူများအဖွဲ့ (WUG)များ ပူးပေါင်း၍ ကြိုတင်ညှိနှိုင်းဆုံးဖြတ်ပြီး စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

**မွန်မလေး(ပြန်/ဆက်)**



## ချောက်မြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ် ရရှိမှု၊ သုံးစွဲမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ မြို့နယ်စက်မှုလုပ်ငန်းသုံး ဆီကိုယ်စားလှယ် ဦးရဲမြင့် (ပခုက္ကူသား ဆန်၊ ဆီ ရောင်းဝယ်ရေး)တို့က လုပ်ငန်းရှင်များအတွက် ခွဲတမ်းရရှိသည့် စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်ရရှိမှု၊ သုံးစွဲမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးမေးမြန်းခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ချောက်မြို့ပေါ်ရှိစားသောက်ကုန်/စားသောက်ဆိုင်လုပ်ငန်းများ၊ မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်များအား ခွင့်ပြုပေးထားသည့် စက်မှုလုပ်ငန်းသုံးဆီများ အမှန်တကယ်ရရှိမှု၊ သုံးစွဲမှု၊ လုံလောက်မှု ရှိ မရှိ ကွင်းဆင်းမေးမြန်းခြင်းနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ထည့်သွင်းဖော်ပြခြင်း ရှိ မရှိ စစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးပြည့်မီသော ကုန်စည်များကိုသာ ရောင်းချရေး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ လိုက်နာရမည့် တာဝန်များ၊ တားမြစ်ချက်များအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြတ်မြတ်မိုး(DOCA Chauk)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပေါက်မ-ကယ်ဘာကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း


ပေါက်မ-ကယ်ဘာကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၀၅၇၅ ဧက ရှိသောနယ်မြေကို **"ပေါက်မ – ကယ်ဘာကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆ )အရ (၁၃၈၇)ခုနှစ်၊ တပေါင်းလဆန်း (၃)ရက်၊ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သစ်တောမူဝါဒ၏ ရည်မှန်းချက်ဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာကို မြန်မာနိုင်ငံ ဧရိယာ၏ ၃၀ ရာခိုင်နှုန်း ဖွဲ့စည်းနိုင်ရန်၊ ရေမြေသဘာဝတောတောင် ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထာဝစဉ်တည်တံ့စေရေးထိန်းသိမ်းကာကွယ်ရန်၊ အပူပိုင်းဒေသတောများဖြစ်၍ ရာသီဥတုမျှတကောင်းမွန်လာစေရန်နှင့် ဒေသခံများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်လာစေပြီး ဒေသခံပြည်သူများ၏ အခြေခံ စား၊ ဝတ်၊ နေရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

**"ပေါက်မ – ကယ်ဘာကြိုးပြင်ကာကွယ်တော"** သတ်မှတ်ခြင်းဖြင့် အပူပိုင်းဒေသသစ်မျိုးများ ဖြစ်သည့် သန်း၊ ဒဟတ်၊ ထောက်ကြံ့၊ ရှား၊ အင်ကြင်း၊ သစ်ရာ၊ လွန်၊ ဆီးဖြူ၊ ဖန်ခါး၊ သစ်စေး၊ သစ်ပုဂံ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်ခြင်း၊ ကာကွယ်တောအတွင်း မှီခိုနေထိုင်ကြသော သားငှက်တိရစ္ဆာန်များဖြစ်သည့် ချေ၊ တောဝက်၊ ယုန်၊ ကြောင်၊ ဖွတ်၊ ပဒတ်၊ မြွေ၊ ကုန်းလိပ်၊ သိမ်းငှက်၊ ချိုး၊ ဆက်ရက်၊ ငှူ၊ ငုံး၊ တောကြက်၊ ခါ၊ ဘီလုံးငှက်၊ စွေ့ငှက်၊ ကြက်တူရွေးနှင့် ငှက်တော်စသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းနိုင်မည့်အပြင် ကြိုးပြင်ကာကွယ်တောအနီးရှိ ကျေးရွာနေဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးဖြစ်သည့် လယ်ယာသုံးပစ္စည်းများ၊ ဒေသသုံး မျော၊ တိုင်၊ ထင်း ၊ ဝါးများနှင့် သစ်တောများမှ ဟင်းသီးဟင်းရွက်များ၊ သစ်ဥသစ်ဖုများ၊ ပရဆေးများ စသည်တို့ကို အလွယ်တကူထုတ်ယူသုံးစွဲနိုင်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်လာပြီး ရာသီဥတုမျှတ၍ ဒေသခံပြည်သူများ၏လယ်၊ ယာမြေ၊ ကောက်ပဲသီးနှံများ အထွက်တိုးလာစေခြင်း၊ ဒေသခံပြည်သူများအနေဖြင့် သစ်တောများမှ တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးကျေးဇူးများ ခံစားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောသစ်ပင်များ၏ ဂေဟစနစ်များ ထာဝစဉ်တည်တံ့စေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## မတ္တရာမြို့ပေါ်ရှိ အရေးကြီးနေရာများ၊ ဌာနဆိုင်ရာများ၊ ဆေးရုံ၊ ဘုန်းကြီးကျောင်းများ၊ လမ်းမီးများ ပထမအဆင့်အနေဖြင့် ဓာတ်အားပို့လွှတ်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်ခရိုင်မတ္တရာမြို့နယ်ကိုအကြမ်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်ဖျက်ဆီးမှုများကြောင့် မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ချို့ယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိခဲ့ပါ။

ယခုအခါတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ လုံခြုံရေးတပ်ဖွဲ့များ၏ အကူအညီပေးမှုနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ခရိုင်/ မြို့နယ်ရှိ ဝန်ထမ်းများက အားကြိုးမာန်တက် ဆောင်ရွက်မှုများကြောင့် မတ္တရာမြို့နယ်သို့ အဓိကဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ ဒင်္ဂါးချောင်း (၁) ဓာတ်အားလိုင်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မတ္တရာမြို့ပေါ်တွင် ရှိသည့် (5+10) MVA မြို့မခွဲရုံပျက်စီးမှုများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၁:၄၇) နာရီတွင် ပြန်လည်တည်ဆောက် ပြုပြင်ပြီးစီးခဲ့ပြီး မြို့ပေါ်ရှိ အရေးကြီးနေရာများ၊ ဌာနဆိုင်ရာများ၊ မြို့နယ် ပြည်သူ့ဆေးရုံ၊ ဘုန်းကြီးကျောင်းများနှင့် လမ်းမီးများကို ပြုပြင်ပြီးစီးမှု အခြေအနေအရ ပထမအဆင့်အနေဖြင့် ဓာတ်အားပို့လွှတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်ပြီး မတ္တရာမြို့ပေါ်တွင်နေထိုင်သော ပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားရရှိရေး၊ လုံခြုံရေးကောင်းမွန်သည့် ကျေးရွာများ ဓာတ်အားပြန်လည်တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်း ပြုပြင်ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ပြီး မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်သူများ နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် မြောက်နဝင်းရေလှောင်တမံမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ

**ပြည် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မြောက်နဝင်း ရေလှောင်တမံမှ ဒေသခံတောင်သူများ နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် ယခုနှစ် ဇန်နဝါရီ ၁ ရက်ကစ၍ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။



ယခုနှစ် နွေစပါးသီးနှံစိုက်ပျိုးရာသီတွင် မြောက်နဝင်းဆည်ရေဖြင့် ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်တို့ရှိ တောင်သူများ၏ နွေစပါးစိုက်ဧက ၂၈၁၉၅ ဧကနှင့် အခြားနွေသီးနှံများအတွက် စိုက်ပျိုးရေများကို စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း ပြည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပြည်ခရိုင်အတွင်း မြို့နယ်များ၌ နွေစပါးအပါအဝင် ရာသီအလိုက် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေး၊ တောင်သူများ အကျိုးဖြစ်ထွန်းစေရေးနှင့် ခေတ်မီသိပ္ပံနည်းကျ စက်ကိရိယာများဖြင့် စနစ်တကျ စိုက်ပျိုးနိုင်စေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မျိုးစေ့ချကိရိယာများကို မြို့နယ်အလိုက်တောင်သူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများကိုလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ **ကိုဆက်(ပြန်/ဆက်)**

## မော်ဘီမြို့နယ်၌ ကာကွယ်ဆေးထိုးနှံ / တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**မော်ဘီ ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက မော်ဘီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်းက အမှာစကားပြောကြားပြီး မော်ဘီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာစောမြထွန်းက ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း၏ အကျိုးဆက်များကို ရှင်းလင်းပြောကြားကာ ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




ကရင်ပြည်နယ် မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ ပြည်ပနိုင်ငံသားများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆည်းရမိသည့် နေရာပြပုံ။



မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရရှိမှု။

# မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ အထူးအလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နယ်မြေခံတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ အခြေချနေထိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများကို စနစ်တကျ ဖြိုချဖျက်ဆီးခြင်းနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကိုလည်း ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ တရားမဝင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မြဝတီမြို့နယ် မေတ္တာလင်းမြိုင် ကျေးရွာအနီးတွင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသား ၁၄၈ ဦး၊ ထိုင်းနိုင်ငံသား သုံးဦး၊ ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ ကမ္ဘောဒီးယားနိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို RC ငါးထပ်အဆောက်အအုံတစ်ခုအတွင်း၌ ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ အလုံး ၁၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၂၀၀ နှင့် လုပ်ငန်းသုံးပစ္စည်းများကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့ မြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်းမရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်သူ ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မီးဘေးကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင် ဦးစီးသောအဖွဲ့ ဖေဖော်ဝါရီ ၂၅ ရက်က အမှတ် ၁၂၅ ရပ်ကွက် မြနန္ဒာလမ်းနှင့် ရာဇာဓိရာဇ်လမ်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေး စစ်ဆေးစဉ်။ အေးမဥ္ဇူ



တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဝန်ထမ်းများ စာကြည့်တိုက်လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာကြည့်တိုက်ပညာသင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်က ဖွင့်လှစ်ရာ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်ကြားပို့ချစဉ်။ ဇော်ကိုကို (တောင်ငူ)

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဘာ(လ်)ဒါ(ပ်) ၁/မကန(နိုင်)၂၉၈၀၀၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၇၈၂၄၂၅၂၁၉

## ပတ်စ်ပို့ပျောက်

ကျွန်မ မလချီမီး ၁/မကန(နိုင်)၂၄၇၂၇၀ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၉၂၈၉၆၄

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ မရည်ရွှယ်ညွှန်း (ဘ) ဦးလှကြိုင် (၁၂/လကန(နိုင်)၂၄၃၈၈) ၏ အလုပ်သမား သက်သေခံ (OWIC) ကတ် (Reg: No YGN 0065329) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၈၀၁၄၂

## မွေးသက္ကရာဇ် အမှန်ပြင်ဆင်ခြင်း

ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာအုပ်စု၊ တံတားဦးကျေးလက်ဆေးပေးခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော (ဘ) ဦးထွန်းစိန်အောင်၏ သမီး သားဖွားဆရာမ ဒေါ်ခင်မိုးသည် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းတွင် မွေးသက္ကရာဇ်မှာ (၁၂-၃-၁၉၆၂) ခုနှစ် ဖြစ်နေပါသဖြင့် မွေးသက္ကရာဇ်အမှန်မှာ (၁၂-၃-၁၉၆၄) ခုနှစ် ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/7528 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွှာသာကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/35224, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသက်ဦး ၇/မလန(နိုင်)၀၇၀၇၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**

ကြော်ငြာစာအမှတ်၊ ၁/၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၂၄)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၂၉-၃-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည် -

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (က) | **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** | | |
| | (၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အောက်ရှိတိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်ရုံး | ဦးစီးအရာရှိ | ၈ နေရာ |
| | (၂) ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး | ဦးစီးအရာရှိ | ၃ နေရာ |
| (ခ) | **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး** | ဦးစီးအရာရှိ | ၂ နေရာ |
| (ဂ) | **အမျိုးသားစီမံကိန်းဝန်ကြီးဌာန** | | |
| | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁၁ နေရာ |
| (ဃ) | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | လက်ထောက်မန်နေဂျာ/ဌာနစုမှူး(ပစ္စည်းထိန်း) **(အမျိုးသား)**/လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)**(အမျိုးသား)** | ၅ နေရာ |
| | (၂)မြန်မာ့မီးရထား | လက်ထောက်မန်နေဂျာ(စီမံကိန်း) | ၁ နေရာ |
| | (၃)မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | လက်ထောက်စာကြည့်တိုက်မှူး (စာကြည့်တိုက်ဌာန)/နည်းပြအရာရှိ(ရေကြောင်းအင်ဂျင်နီယာပညာဌာန/ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာဌာန/ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာန/ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်ပညာဌာန/ရေကြောင်းသိပ္ပံပညာဌာန/ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာန/သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုပညာဌာန/ဆိပ်ကမ်းစီမံခန့်ခွဲမှုပညာဌာန) | ၁၄ နေရာ |
| (င) | **ကာကွယ်ရေးဝန်ကြီးဌာန** | | |
| | ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | မန်နေဂျာ**(အမျိုးသား)** | ၁ နေရာ |
| (စ) | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်ထောက်မန်နေဂျာ | ၃ နေရာ |
| | (၂) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ |
| | (၃) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | ဦးစီးအရာရှိ | ၂ နေရာ |
| (ဆ) | **ပြန်ကြားရေးဝန်ကြီးဌာန** | | |
| | မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစီးအရာရှိ(ပြည်တွင်း၊ ပြည်ပဆက်ဆံရေး/မီဒီယာ) | ၃ နေရာ |
| (ဇ) | **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** | | |
| | (၁) အနုပညာဦးစီးဌာန | ဦးစီးအရာရှိ(အသံ)**(အမျိုးသား)** | ၁ နေရာ |
| | (၂) အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) | လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) | ၁ နေရာ |
| (ဈ) | **စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | | |
| | (၁) စိုက်ပျိုးရေးဦးစီးဌာန | ဦးစီးအရာရှိ(စာကြည့်တိုက်) | ၁ နေရာ |
| | (၂) မွေးမြူရေးသုတေသနဦးစီးဌာန | သုတေသနအရာရှိ | ၄ နေရာ |
| | (၃) ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | ဦးစီးအရာရှိ[(စက်မှု/လယ်ယာ)/(မွေး/ကု)] | ၄၅ နေရာ |
| | (၄) ရေဆင်းစိုက်ပျိုးတက္ကသိုလ် | ဦးစီးအရာရှိ(အားကစား)/လက်ထောက်အင်ဂျင်နီယာ | ၂ နေရာ |
| | (၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) | လက်ထောက်ကထိက | ၅၀ နေရာ |

၂

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (ည) | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** | | |
| | (၁) သမဝါယမဦးစီးဌာန | ဦးစီးအရာရှိ | ၂၀ နေရာ |
| | (၂) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနများနှင့်ရက်ကန်းကျောင်းများ | ဦးစီးအရာရှိ/လက်ထောက်အင်ဂျင်နီယာ/နည်းပြအရာရှိ | ၅ နေရာ |
| | (၃) ယွန်းပညာကောလိပ်(ပုဂံ) | လက်ထောက်ကထိက | ၄ နေရာ |
| | (၄) သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး) | လက်ထောက်ကထိက | ၁၆ နေရာ |
| (ဋ) | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | | |
| | (၁) သစ်တောဦးစီးဌာန | ဦးစီးအရာရှိ(သစ်တော/ငွေစာရင်း) | ၆ နေရာ |
| | (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁၀ နေရာ |
| | (၃) သတ္တုတွင်းဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ**(အမျိုးသား)** | ၇ နေရာ |
| | (၄) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ(သတ္တုတွင်း/သတ္တု) | ၁၅ နေရာ |
| | (၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ(သတ္တုတွင်း/သတ္တု)**(အမျိုးသား)** | ၈ နေရာ |
| (ဌ) | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | | |
| | (၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(ဘဏ္ဍာ) | ၁ နေရာ |
| | (၂) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | ဦးစီးအရာရှိ(မိုင်း)**(အမျိုးသား)**/ဦးစီးအရာရှိ(ငွေစာရင်း/ကွန်ပျူတာ) | ၃ နေရာ |
| | (၃) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | လက်ထောက်အင်ဂျင်နီယာ(စက်မှု/လျှပ်စစ်)**(အမျိုးသား/အမျိုးသမီး)** | ၁၇ နေရာ |
| | (၄) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ဦးစီးအရာရှိ(ဘဏ္ဍာ/ပစ္စည်း)/လက်ထောက်အင်ဂျင်နီယာ**(အမျိုးသား/အမျိုးသမီး)** | ၃၉ နေရာ |
| | (၅) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | လက်ထောက်မန်နေဂျာ(ဘဏ္ဍာ) | ၁၀ နေရာ |
| (က) | **ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး** | - | ၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁ |
| ( ခ ) | **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး** | - | ၀၁၃-၆၄၂၄၉၅၊ ၀၁၃-၆၄၂၄၉၆ |

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## အများသိရှိနိုင်ပါရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-တပ်ရာကုန်းကွက်သစ်၊ ပေ-၄၀ လမ်းရှိ အကျယ်ပေ(၄၀X၆၀)ရှိ ခြံမြေကွက်(၂)ကွက်သည် သန်လျင်/ကျောက်တန်းမြို့နယ်၊မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချပါမစ်စာရင်းတွင် မြေကွက်အမှတ်(၁၃၁၇)အား (၆-၉-၂၀၁၂)ရက်နေ့တွင် ဒေါ်ကျင်ရွှေ/ဒေါ်သဉ္ဇာဝင်း(ဘ) ဦးကျော်မိုး(၈/မတန(နိုင်)၀၉၅၁၃၅)အမည်ဖြင့် လည်းကောင်း၊မြေကွက်အမှတ်(၁၃၁၈)အား (၆-၉-၂၀၁၂)ရက်နေ့တွင် ဦးစွပ်ပါး/ဒေါ်သဉ္ဇာဝင်း(ဘ)ဦးကျော်မိုး (၈/မတန(နိုင်)၀၉၅၁၃၅)အမည်ဖြင့် လည်းကောင်း မှတ်သားတည်ရှိသော ခြံမြေများ ဖြစ်ပါသည်။

ပါမစ်အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်သော ဦးမြင့်ဦး(ဘ)ဦးမြ(၁၂/သလန(နိုင်)၀၄၄၀၄၂)က အဆိုပါ ပါမစ်ခြံမြေကွက် အမှတ်(၁၃၁၇)နှင့် အမှတ်(၁၃၁၈)ခြံမြေ(၂) ကွက်နှင့် ပတ်သက်၍ မိမိတစ်ဦးတည်းကသာ တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါခြံမြေများအားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဦးဝင်းမြင့်(ဘ)ဦးစန်းမောင်(၁၂/တတန(နိုင်)၀၁၇၂၇၈)မှ ပါမစ်မြေကွက်အမှတ်(၁၃၁၇) ၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ဒေါ်သန်းသန်းနု(ဘ)ဦးခင်ဆွေ (၁၂/တတန(နိုင်)၀၁၇၂၇၉)မှ ပါမစ်မြေကွက် အမှတ်(၁၃၁၈) ၏ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းမြင့်** | **ဒေါ်သဲဆုဇာခြည်သိမ့်** |
| **ဒေါ်သန်းသန်းနု** | **LL.B,D.B.L,D.I.L, (W.I.P.O-Switzerland)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၄၆)** |
| | **အမှတ်(၃၇)၊T.T.Uရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၇၉၆၉၆၃၆၅၁၊၀၉-၄၄၅ ၉၇၉ ၁၂၆။** |

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက် အမှတ် ၀၀-၃၊ ဦးပိုင်အမှတ် (၃၂က+၃၂-ခ)၊ ၆၆x၆၇ ကြား၊ AxB လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်အေး ၁၃/ကမန(နိုင်)၀၆၉၂၀၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက် အမှတ် ၀၀-၃၊ ဦးပိုင်အမှတ် (၃၂-ဂ)/AxB လမ်းကြား၊ ၆၆x၆၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်အေး ၁၃/ကမန(နိုင်)၀၆၉၂၀၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီက ရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ) မြန်မာနန်းကွက်သစ်၊ ဦးပိုင်အမှတ် (၃၆၀)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧက သည် မြဝတီမြို့နယ်မြေစာရင်း ဦးစီးဌာနတွင် ဒေါ်တင်တင်လှ ၁၀/မလမ(နိုင်) ၀၉၄၇၆၄ အမည်ဖြင့် ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ ထိုမြေကွက်အား ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကြေညာသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်လှ**
**၁၀/မလမ(နိုင်)၀၉၄၇၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9979, Toyota Lancruser VDJ 200L, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးရဲလွင်အောင် ၁၂/ဒဂမ(နိုင်) ၀၁၂၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/41823, RATO-110M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မြင့်အောင် ၈/ပခက (နိုင်)၆၀၃၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၂၂၀၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးမြအောင် ၁၀/မလမ(နိုင်)၁၈၉၅၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/3872 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွန်း ၇/ရတရ (နိုင်)၀၈၅၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေရေိယာ (၀ ဒသမ ၀၅၅) ဧက၊ မြေကွက်အမှတ်(ဥ-၇၄၁၈)၊ ဒေါ်ခင်ဥမ္မာ ၉/မနမ(နိုင်)၀၂၃၆၅၂ (ဘ)ဦးလွန်း အမည်ပေါက် နှစ် (၃၀) မြေငှား စာချုပ် မြေကွက်ကို ဒေါ်ခင်ဥမ္မာ ၉/မနမ(နိုင်)၀၂၃၆၅၂ (ဘ)ဦးလွန်းမှ ဒေါ်လှလှဝင်း ၉/ခအဇ(နိုင်)၀၃၀၂၁၀ (ဘ)ဦးမောင်တာ အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော် ၁၂/တကန(နိုင်)၂၄၃၉၅၆ ဇေယျာသီရိ (၁) လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့နယ်တွင် နေထိုင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ကိုဇော်ဇော်သည် ဦးမြသောင်း၊ ဒေါ်ခင်စန်းအေးတို့မှ မွေးဖွားသော သားတစ်ဦး ဖြစ်ပါသည်။ ယခုအခါတွင် ဖခင် ဦးမြသောင်းသည် ၂၀၂၄ ခုနှစ်တွင် ကွယ်လွန်၍ မိခင် ဒေါ်ခင်စန်းအေးနှင့် အတူ အထက်ပါနေရပ် လိပ်စာတွင် အတူနေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ရာ ဖခင်ဦးမြသောင်း၏ အမွေဖြစ်သော အထက်ပါအိမ်ဝိုင်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော် သာလျှင် အမွေစားအမွေခံ အမွေရှင်တစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိမြတ်သူ (စဉ် - ၁၄၈၁၆/၂၀၁၈)**
**မြင်သာရပ်ကွက်၊ သစ္စာလမ်းပေါ်အခန်းအမှတ် - ၁၊ အတွင်းလမ်း၊ မကွေးမြို့**
**ဖုန်း-၀၉-၄၀၁၅၇၄၂၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၆၀၅)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ ဒေါ်ခင်မော်ရီစန်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၈/၂၀၂၃) ဖြင့် လွှဲအပ်ခြင်း ခံရသူ ဦးကျော်မြင့်ဦး၊ ၁၁/မပတ(နိုင်)၀၂၄၁၁၂ မှ မြေငှားစာချုပ်၊ ကျုန်းကျိန် ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်ခင်မိုးအေး(ခ)စန်ဂီးသာ ၁၂/ဗတထ(ပြု)၀၀၀၄၄၈နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၅၃-အေ/မြန်မာနန်းကွက်သစ်)၊ ဦးပိုင်အမှတ် (၅၄၉)၊ ဧရိယာ (၀ ဒသမ ၀၈၃) ဧကရှိ မြေကွက်သည် ဒေါ်ခင်သန်းဌေးအမည်ဖြင့် နှစ် (၃၀) မြေငှား ဂရန်ရရှိထားပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ခင်သန်းဌေးထံမှ ဦးခင်ဇော် ၁၀/ပမန(နိုင်) ၁၀၄၉၇၆-ဒေါ်ကျင်သန်း ၁၀/ပမန(နိုင်)၀၇၃၈၉၇ တို့က ၁၆-၇-၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ် (၄/၂၀၂၆) အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်78W/91801 Honda Wave RSX-110 ယာဉ်လက်ဝယ်ရှိသူ Trillion Lin Co.,ltd က (ကမ-၃)ပျောက်မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ မြို့မမြောက်ရပ်၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ဧကရှိ မြေကွက်အမှတ် (ပ-၂၃၄၈၇) ကို အမည်ပေါက် ဦးလောက်ဆိုင်း(ဘ)ဦးလောက်တုံး(ခ)ကျန်လောက်ဝူ ၁၃/သနန (နိုင်)၀၆၉၅၅၇ (HWI-၀၅၇၈၆၄) မှ ဒေါ်အေမီကျော် (ဘ)ဦးအောင်ကျော်မြင့် ၁၀/ရမန(နိုင်)၀၁၇၈၂၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

| | | |
|---|---|---|
| ဦးစိမ်းကိုကိုဦး | နှင့် | တပ်သားခင်မြင့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက်အမှတ် (ဠ- ၁၆/၂၃) နေ တပ်သားခင်မြင့် (ဘ) ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် တပ်သားခင်မြင့် သင့်အပေါ်၌ တရားလို ဦးစိမ်းကိုကိုဦးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက် အကွက်အမှတ် (ဟ-၆)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧကရှိ တသခင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေ လိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက် ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉

| | | |
|---|---|---|
| ဒေါ်အေးမြင့်ဦး | နှင့် | ဦးကျော်သန်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (ဓဓ-၁၄)၊ ဦးပိုင် (၆၀)၊ (ဆ)ရပ်ကွက်နေ ဦးကျော်သန်း (ဘ)ဦးသာဦး (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

တရားပြိုင် ဦးကျော်သန်း သင့်အပေါ်၌ တရားလို ဒေါ်အေးမြင့်ဦးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၁၄)၊ ဦးပိုင်အမှတ် (၇၄) ဧရိယာ (၀ ဒသမ ၀၅၅) ကေအကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေ လိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်၊ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ခုနှစ်ကျိုက်ရှေ့ကွင်း၊ ခုနှစ်ကျိုက်အရှေ့ကျေးရွာ၊ ကွင်းအမှတ် (၇၉၃)၊ ကွင်းအမည် နန်းတော်ကုန်း၊ ဦးပိုင်အမှတ်(N-3)၊ စုစုပေါင်းမြေ ၁၂ ဒသမ ၅၇ ဧကနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ခုနှစ်ကျိုက်ရှေ့ကွင်း၊ ခုနှစ်ကျိုက်အရှေ့ကျေးရွာ၊ ကွင်း အမှတ် (၇၉၄)၊ ကွင်းအမည် ဒိုကျိုက် အင်း၊ ဦးပိုင်အမှတ်(N-3)၊ စုစုပေါင်းမြေ ၁ ဒသမ ၆၃ ဧကအား ဦးစိုးမြင့် (ဘ) ဦးလောအေလီ ၁၃/မကန(နိုင်)၀၁၅၄၈၁ မှ လက်ရောက် ပိုင်ဆိုင်ထားပြီး ဦးရဲထွန်း ၁/မစန(နိုင်)၀၄၄၇၀၇ အား အထက်ပါ မြေကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချလိုကြောင်း ကမ်းလှမ်း ခဲ့သဖြင့် ၎င်းမြေကွက်တို့နှင့်ပတ်သက်၍ အရှုပ်အရှင်း၊ အမွေဆိုင်ပြဿနာ တစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထွန်း ၁/မစန(နိုင်)၀၄၄၇၀၇ မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ လက်ရှိရောင်းချ သည့် မြေကွက်တို့၏ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာနှင့်ပတ်သက်၍ ကန့်ကွက် လိုပါက တိကျခိုင်လုံသော ပိုင်ရေးဆိုင်ခွင့်၏ စာရွက်စာတမ်း၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာစာထုတ်ပြန်သည့်ရက်မှစတင်၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ် ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည် အထိ ဥပဒေပါလုပ်ထုံးအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးရဲထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသက်ထွန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၄၀)**
**အမှတ် (၆၅၁)၊ မာဃ(၈)လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၉၀၉၆၁**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၄) ရပ်ကွက်၊ ဇီးကုန်း၊ အမှတ် (၃၄၄)၊ ပြည်တော်သာ (၂) လမ်း အလယ်ပိုင်းနေ ဦးမြင့်အောင် ၁၂/အစန(နိုင်)၀၇၁၈၀၆၏ သမီး မသင်းသင်းမြတ် ၁၂/ရပသ(နိုင်)၀၅၈၈၀၇ သည် မိဘများအား တိုင်ပင်မှုမရှိဘဲ ၎င်းဆန္ဒအရ ပြုမူသွားပါ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာ အပ်ပါသည်။

**ဦးမြင့်အောင် ၁၂/အစန(နိုင်)၀၇၁၈၀၆**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ်၊ ကင်းသာ (၁/၂)၊ ကုန်ထုတ် စခန်း တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီ နယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန် လိုအပ်သော ရိက္ခာဆန် (၅၃၁၀) အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပေးသွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (Po Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်** - ၂၇-၂-၂၀၂၆ ရက်မှ ၁၂-၃-၂၀၂၆ ထိ
**ရက်/နေရာ** (ရုံးချိန်အတွင်းသာ)
နေပြည်တော်အချုပ်ထောင်
ဇမ္ဗူသီရိမြို့နယ်

၄။ **တင်ဒါဖွင့်မည့်** - ၁၃-၃-၂၀၂၆ ရက်နံနက် ၁၀ နာရီ ဖြစ်ပါသည်။
**ရက်နှင့်အချိန်/နေရာ** နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ်
(ရက်နှင့်အချိန် အပြောင်းအလဲရှိနိုင်ပါသည်။)

၅။ တင်ဒါတစ်စုံလျှင် ကျပ် ၃၅,၀၀၀/- (ကျပ်သုံးသောင်းငါးထောင်တိတိ) နှုန်းဖြင့် တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင် ရိက္ခာဆန်ဝယ်ယူရေး အဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေး စိတ်အချက်အလက်များသိရှိလိုပါက တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင်ဖုန်း ၀၉-၄၅၈၆၂၄၀၃၊ ၀၉- ၄၂၀၁၄၄၁၂၃၊ ၀၆၇-၄၃၁၄၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် ။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
## ရိက္ခာဆန်ဝယ်ယူရေး(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူနှင့် လုပ်အားရှင်များ စားသုံးရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ငစိန်ဆန် (၂၅%) နှင့် ၎င်းထက်အရည်အသွေးမနိမ့်သော ရိက္ခာဆန် ၁၇,၂၁၆ အိတ်အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပေးသွင်းသူသည် ပေးသွင်းသည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁% ကို မြန်မာ့စီးပွားရေးဘဏ်၌ PO Cheque ပြုလုပ်ပြီး ရိက္ခာဆန်နမူနာတို့နှင့် ယှဉ်ပြိုင်သည့်ရက်၌ တင်ဒါနှင့် အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး တင်ဒါခေါ်ယူသူ အနေဖြင့် အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမရှိဘဲ တင်ဒါများကို ဝယ်နိုင်သော အခွင့်အာဏာရှိကြောင်း ဖော်ပြအပ်ပါသည်။

**တင်ဒါရောင်းချမည့်နေရာ** - ၂၇-၂-၂၀၂၆ ရက်မှ ၁၂-၃-၂၀၂၆ ရက် (၁၆၀၀) နာရီထိ
အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊
မကွေးမြို့၌ တင်ဒါပုံစံ(၁)စောင်လျှင် ၁၁၆,၀၀၀/-
နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၃-၂၀၂၆ ရက်( သောကြာနေ့) (၀၉၀၀) နာရီ
**နေရာ** တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မကွေးမြို့

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**ဖုန်း ၀၆၃-၂၀၂၈၃၈၆၊ ၀၆၃-၂၀၂၈၃၈၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/7656 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/9839 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇၈၄/ လင်မလိုရွှေကူ) မြေကွက်အမှတ် (ဆ/၇၇)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ မြေအား တိုးချဲ့ရပ်ကွက်နှင့်ပန်းခြံများ တည်ဆောက်ရေးလုပ်ငန်းဦးစီးအဖွဲ့ (စစ်ကိုင်းမြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး)မှ (၁၈-၅-၁၉၉၀) ရက်တွင် ဦးခင်မောင်အမည်ဖြင့် မြေပေးမိန့်ချထားပေးခဲ့ကာ အဆိုပါ မြေကွက် အားအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီးနောက်ဆုံး ဝယ်ယူ ပိုင်ဆိုင်သူဦးဇော်ဝင်းမှ ၁၁-၉-၂၀၂၅ ရက်တွင် အဆိုပါမြေကွက်အား လက်ရှိထား စီမံခန့်ခွဲအကျိုးခံစားခွင့်ရရှိ နေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း စစ်ကိုင်း ခရိုင်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့၍ ၂၇-၁၀-၂၀၂၅ ရက်တွင် ဦးဇော်ဝင်း ၅/ကဘလ (နိုင်)၁၅၀၄၀၃ မှ ဦးအောင်တင်ဝင်း ၁၃/သပန(နိုင်)၀၄၃၉၄၂ သို့ မြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်တင်ဝင်း အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာ အပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော် ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၁) ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးစခိုင်ကျော်ဌေး ၁၄/ကကန(နိုင်) ၀၀၀၅၇၉၏ဖခင်အမည်ဦးခင်မောင်ဌေး နှင့် မန်းခင်မောင်ဌေးတို့မှာ တစ်ဦး တည်း ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဌေး (ခ)**
**မန်းခင်မောင်ဌေး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/8824 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဝယ/၇၅၁၅၆ Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးဦး ၇/ရတရ(နိုင်)၁၂၅၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/63032, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာမြင့် ၉/ကဆန(နိုင်) ၁၀၀၂၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၃၇၂၄၃ Honda Wave 100 ယာဉ်လက်ဝယ် ရှိသူ ဒေါ်အိချိုဇင် ၉/ပမန(နိုင်) ၂၄၆၈၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/42188, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ စိုင်းစံမှိုင်း ၁၃/ပလန(နိုင်)၀၇၅၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ (၀ ဒသမ ၂၃၆) ဧက၊ မြေကွက်အမှတ် (ဥ-၅၂၂၀)၊ ဒေါင်းတောင်းရန်တယ်(စ်)ကုမ္ပဏီလီမိတက် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆ (ဘ) ဦးသန်းလွင်မှ ၉-၂-၂၀၂၆ ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်တင်ပြ၍ ဒေါ်ခင်သန္တာကျော် ၁၂/လမန(နိုင်)၁၂၉၆၂၅ (ဘ) ဦးကျော်မြင့် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ (၀ ဒသမ ၁၅၉) ဧက၊ မြေကွက်အမှတ် (ဥ-၆၄၂၇)၊ Original Group Co.,Ltd အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးရှိုင်းသာဌေး ၁၂/အစန(နိုင်)၁၉၀၀၈၈ (ဘ) ဦးသာဌေးမှ ၁၅-၁-၂၀၂၆ ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်တင်ပြ၍ ဒေါ်နွယ်နီအောင် ၇/ညလပ(နိုင်)၀၀၀၉၉၆ (ဘ) ဦးတင်မောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြား(မြောက်)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် (၄၄)၊ အကျယ်အဝန်း (၃၀ x ၅၀ )ပေ ဒေါ်ခင်ရွှေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ဆိုင်သူထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်မေရီဦး ၅/ရဘန(နိုင်)၀၁၈၅၁၂ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူခိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၀၆၈၉)**
**အမှတ် (၃၁၀)၊ စကားဝါ (၂) လမ်း၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၂၁၁၅၈၅၅၆၊ ၀၉-၂၅၅၅၅၈၆၉၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/2982 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေရေိယာ (၀ ဒသမ ၂၇၅) ဧက၊ မြေကွက်အမှတ် (ဥ-၅၄၇၉)၊ ဦးအောင်စောဝင်း ၁၂/ဗဟန(နိုင်)၀၇၉၆၈၈ (ဘ) ဦးကျော်စိန် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးအောင်စောဝင်း ၁၂/ဗဟန(နိုင်) ၀၇၉၆၈၈ (ဘ) ဦးကျော်စိန်မှ ဦးသစ်လွင် ၈/ပခက(နိုင်)၀၀၈၀၅၈ (ဘ) ဦးဘဆင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေရေိယာ (၀ ဒသမ ၀၈၂) ဧက၊ မြေကွက်အမှတ် (ဥ-၁၆၉၅)၊ ဦးသန်းလွင် ၁၂/မဂတ(နိုင်)၀၁၀၄၀၄ (ဘ) ဦးဝမ်စိန် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသန်းလွင် ၁၂/မဂတ(နိုင်)၀၁၀၄၀၄ (ဘ) ဦးဝမ်စိန်မှ ဒေါ်ဝင်းမြင့်ကြည် (ခ) လဲ့လဲ့ဟန် ၁၂/သဃက(နိုင်)၀၇၂၅၅၃ (ဘ) ဦးမြဟန် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇

| | | |
|---|---|---|
| ဦးဇော်ဇော်လွင် | နှင့် | ဒုတပ်ကြပ်အောင်စိုး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၇-၁၂၈ လမ်းကြား၊ ၅၇ - ၅၈ လမ်းကြား၊ (စ) ရပ်ကွက်နေ ဒုတပ်ကြပ်အောင်စိုး (ဘ) ဦးမောင်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒုတပ်ကြပ်အောင်စိုး (ဘ) ဦးမောင်လွင် သင့်အပေါ်၌ တရားလို ဦးဇော်ဇော်လွင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (ထထ-၃၇)၊ ဦးပိုင်အမှတ် (၂၁)၊ ဧရိယာ (၀ ဒသမ ၀၆၂) ဧက အကျယ်အဝန်းရှိ ဒုတပ်ကြပ်အောင်စိုး အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု” ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄

| | | |
|---|---|---|
| ဦးဝင်းညွန့် | နှင့် | တပ်ကြပ်ကြီးအုန်းကြိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက် (အ-၁၄/၈)နေ တပ်ကြပ်ကြီးအုန်းကြိုင် (ဘ) ဦးချစ်တီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းညွန့်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၄)၊ ဦးပိုင်အမှတ် (၆၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ တပ်ကြပ်ကြီးအုန်းကြိုင် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆

| | | |
|---|---|---|
| ၁။ ဦးကြည်ဌေး | နှင့် | ဦးဖေကျော် |
| ၂။ ဒေါ်မြမြနွယ် | | |
| **တရားလိုများ** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၀)၊ ဦးပိုင် (၂၂) နေ ဦးဖေကျော် (ဘ) ဦးကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကြည်ဌေး ပါ-၂ က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၀)၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧက အကျယ်အဝန်းရှိ ဦးဖေကျော် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲမာဖြိုးဦး)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက် (၅) နေ (ဘ) ဦးရန်ယုချင်း ၏သမီး မသိန်းသိန်းဦး ၁၃/လရန(နိုင်)၂၆၄၃၆၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MK-200085) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၉၅၁၄၅၇၃၃**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ ကယန်းပိုင်းနေ (ဘ) ဦးစိန်ဝင်း၏သမီး မြနန္ဒာ ၁၃/ ဆဆန (နိုင်) ၀၈၉၃၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-333549) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၆၇၀၉၆၀၄၈၁**

## ပတ်စ်ပို့ပျောက်

နမ့်စန်မြို့၊ ရပ်ကွက် (၁) နေ (ဘ) ဦးတုံလီရှန် ၏သမီး တုံလောမီး (ခ) ကြည်ကြည်မြင့် ၁၃/ကမန(နိုင်) ၀၃၂၉၇၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-793079) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၈၃၄၂၈၅၈**

## ပတ်စ်ပို့ပျောက်

လွိုင်လင်မြို့၊ မိုင်းပွန်(၅) ကျေးရွာနေ (ဘ)ဦးမောင်မောင်ချေ ၏သမီး ပွင့်ဖူးဝေ ၁၃/လလန(နိုင်) ၁၀၉၃၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-672811) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၆၆၉၄၄၅၄၇၅**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဖာမွန်းအုပ်စုနေ (ဘ) ဦးဆောင်၏သား ဦးအောင် ၁၃/တကန(နိုင်)၁၂၆၂၄၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-9205088)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၆၈၃၀၅၂၃၁၆**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ပန်းပဲတန်းလမ်းနေ (ဘ) ဦးမြင့်အောင်၏သမီး မသက်သက်အောင် ၈/အလန(နိုင်) ၁၇၆၆၄၀ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း- ၀၉-၇၉၅၉၅၅၉၇၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/9269 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀ ၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

| | | |
|---|---|---|
| မချိုမာလွင် | နှင့် | ကိုယဉ်ထွေးအောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၂၃/၂၅) ရပ်နေ ကိုယဉ်ထွေးအောင် (ဘ) ဦးအောင်ကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ကိုယဉ်ထွေးအောင် သင့်အပေါ်၌ တရားလို မချိုမာလွင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြ တရားလိုကကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ) ရပ်ကွက်၊ အကွက်အမှတ် (နန-၂)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်စိန်စိန် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အား ဒေါ်စိန်စိန်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ထင်နှင့် ဒေါ်လဲ့လဲ့ဝင်းက အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေးလိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း ကြားသိရပါသည်။ ထို့ကြောင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးရန် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်စိန်စိန်နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၈၃)**
**ဖုန်း- ၀၉-၉၈၆၉၀၀၀၈၁**

## အမည်ပြောင်း

ဦးမင်းသိန်းထွဋ် ၁၃/တကန (နိုင်)၂၄၂၅၈၁ ၏ သားဖြစ်သူ မောင်ရာဇပန်အား မောင်လင်းထွဋ်ဒီပန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းထွဋ်ဒီပန်**

## ပတ်စ်ပို့ပျောက်

ညောင်ဦးမြို့၊ အောင်မြေသာရပ်ကွက်နေ (ဘ) ဦးအောင်ဖြိုးအေး၏သား မောင်ထက်မြတ်အောင် ၉/ညဥန(နိုင်)၂၃၆၆၄၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MI-292716) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၂၅၂၃၈၄၄၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/38644 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာလင်း ၁၃/ကတန(နိုင်)၂၀၁၂၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊**
**ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/21838 Honda Dream ND125M ယာဉ်လက်ဝယ်ရှိသူ နန်းကိန်ဟွမ် ၁၃/ကတန(နိုင်)၀၆၃၅၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊**
**ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ ရွှေခင်းသာမြို့ပတ်လမ်း၊ တိုက်အမှတ် (၁၀၅/က+ခ)၊ အခန်း (ပဉ္စမထပ်) (ဖလွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈ပေ x ၅၀ပေ) ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးအောင် (၁၂/သကတ (နိုင်) ၁၈၃၀၅၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဌေးလင်း (၁၂/သကတ (နိုင်) ၀၃၈၇၉၉)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/2672 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/28920 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/5924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/2241 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/7849 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၁၀၀၀

| | | |
|---|---|---|
| ၁။ ဒေါ်ခင်သန်းကြည် | နှင့် | ၁။ ဒေါ်ခင်မြင့်မြင့် |
| ၂။ ဒေါ်ခင်သန်းရီ | | ၂။ ဒေါ်သန်းသန်းဦး |
| ၃။ ဒေါ်ခင်အုန်းမြင့် | | ၃။ ဦးသက်နိုင် |
| | | ၄။ ဦးကိုကိုအောင် |
| | | ၅။ ဦးမောင်ညွန့် |
| | | ၆။ ဦးအောင်ထွဋ်သိန်း |
| | | ၇။မသူဇာအောင် |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၉၂ ၏ ၂၀၂၅ ခုနှစ်၊ ဇွန် လ ၂၇ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ အနောက်ပုလဲဂေဟာလမ်း၊ အမှတ်-၈ နေ အမှတ် (၁) အယူခံ တရားပြိုင် ဒေါ်ခင်မြင့်မြင့် (ယခုလိပ်စာ မသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာ ရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းဇင်မင်းထက်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) အောင်မြေသာစံခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇

**ကွယ်လွန်သူ ဒေါ်စိန်လှိုင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

စာကလေးအင်းကျေးရွာ၊ တောတွင်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စိန်လှိုင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းအောင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းအောင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးထွန်းအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်တင်သန်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်-၁၁၄၂

| | | |
|---|---|---|
| ဒေါ်နီနီလွင် | နှင့် | ၁။ ဒေါ်ခင်စန္ဒာဝင်း |
| (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးလှဝင်း) | | ၂။ ဒေါ်ခင်မမ(ကိုယ်တိုင်နှင့် ၁ လျှောက်ထားခံရသူ၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၃။ ဦးသိန်းဇော် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမအထွေထွေ အယူခံမှုအမှတ် ၅၂/၂၀၂၅ ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါအမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈) ရပ်ကွက်၊ (၉) လမ်း၊ အမှတ် - ၆၄၉ နေ (ယခုနေရပ်လိပ်စာ မသိ) လျှောက်ထားခံရသူ အမှတ် (၃) ဦးသိန်းဇော် သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် ) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင်မေလတ် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၂၀) ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

| | | |
|---|---|---|
| ဒေါ်တင်တင် | နှင့် | ဦးကျော်ဝင်းသန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးသိန်းထိုက်) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(မမ-၂)၊ ၅၂-၅၃ လမ်းကြား၊ ၁၁၅-၁၁၆ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ - ဦးကျော်ဝင်းသန်း (ဘ)ဦးဝင်းမောင် (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ- ဦးသိန်းထိုက်(ဘ)ဦးတင်သိန်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးကျော်ဝင်းသန်း (ဘ)ဦးဝင်းမောင် (၎င်း၏အထူး ကိုယ်စားလှယ်စာရရှိသူ- ဦးသိန်းထိုက် (ဘ)ဦးတင်သိန်း) သင့်အပေါ်၌ တရားလို ဒေါ်တင်တင်က “မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (တတ-၄၆)၊ ဦးပိုင်အမှတ် (၆၇-ခ) ဧရိယာ (၀ ဒသမ ၀၃၁) ဧက အကျယ်အဝန်းရှိ ဦးကျော်ဝင်းသန်း အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက် ) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( မျိုးမင်းထွန်း )**

**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် (၁၂၆၁) ဟုခေါ်တွင်သော ဦးချစ် အမည်ပေါက်ဂရန်ပိုင်ဆိုင်သော စတုရန်းပေ (၃၆၀၀) အနက်မှ မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း စတုရန်းပေ (၁၂၀၀)နှင့် ဆက်စပ်အဆောက်အအုံအား ဦးချစ် ကွယ်လွန်ပြီးဖြစ်၍ ရောင်းချပိုင်ခွင့်ရှိသော သားသမီး (၇) ဦးမှ

| | |
|---|---|
| (၁) ဒေါ်မြင့်မြင့်ဝေ ၅/ကလထ(နိုင်)၁၁၀၆၃၄ | (၂) ဒေါ်သန်းသန်းဌေး (ကစ) ခင်ပွန်းဦးတင်မြင့် ၁၂/ဥကတ(နိုင်)၁၂၀၅၂၁ |
| (၃) ဦးကျော်ဖေ ၁၂/ဥကတ(နိုင်)၁၁၇၆၂၈ | (၄) ဦးမြင့်အောင်(ကစ) ဇနီးဒေါ်သန်းသန်းမြင့် ၁၂/ဥကတ(နိုင်)၀၆၈၇၉၂ |
| (၅) ဦးစိုးမြင့်ဝင်း ၁၂/ဥကတ(နိုင်)၀၆၄၁၂၅ | (၆) ဦးသန်းထွန်း (ကစ) ဇနီး ဒေါ်မြင့်မြင့်ခိုင် ၁၂/ဥကတ(နိုင်)၀၆၇၃၀၀ နှင့် |

(၇) ဦးသန်းအောင် ၁၂/ဥကတ(နိုင်)၀၆၂၆၂၀ တို့က ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ဝယ်ယူရန်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာရုံးချိန်၌ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်မြင့်မြင့်ကြည်**
**ဖုန်း-၀၉-၅၆၄၀၂၅၀၊ ၀၉-၅၄၁၅၂၁၅**

## Facebook Acc အတုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ (D)လမ်းx ၁၂၇ လမ်း၊ (စ)ရပ်ကွက်၊ စက်မှု (၁)၊ ဘုံပျံတောရတိုက်၊ ရတနာအောင်မြင်-မိဘမဲ့ကလေးများပြုစုစောင့်ရှောက်ရေးကျောင်း ကျောင်းထိုင်ဆရာတော် အရှင်ဇဝန သာသနာဝင်အမှတ် ၈/ပခက(သ)၀၀၁၉၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

“အရှင်ဇဝန မန္တလာမြေ ရတနာအောင်မြင် မိဘမဲ့ကျောင်း ဘုံပျံတောရတိုက်၊ ၆၂(D)လမ်း၊ ၁၂၇ လမ်း၊ (စ)ရပ်ကွက်၊ စက်မှု (၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ၀၉-၇၉၄၆၄၈၁၂၀" အကောင့်သာလျှင် အစစ်အမှန်ဖြစ်ပါကြောင်းနှင့် Facebook ပေါ်တွင် လည်းကောင်း၊ Tik Tok ပေါ်တွင်လည်းကောင်း၊ “ရတနာအောင်မြင်မိဘမဲ့ကျောင်း၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂/၁၂၇(D)လမ်း ဘုံပျံတောရကျောင်း၊ ၀၉-၆၉၅၀၂၀၄၀၂ kpay wave pay acc အတုပြုလုပ်၍ အနယ်နယ်အရပ်ရပ်သို့ လိမ်လည်၍ အလှူခံနေကြောင်း မြင်တွေ့သိရှိရခြင်းနှင့် ပတ်သက်၍ “ အရှင်ဇဝန မန္တလာမြေ ရတနာအောင်မြင် မိဘမဲ့ကျောင်း ဘုံပျံတောရတိုက်နှင့် လုံးဝ(လုံးဝ) ပတ်သက်ခြင်းမရှိပါကြောင်း ထိုမမှန်မကန်ဖန်တီးရေးသားဖြန့်ဝေထားသော ဓာတ်ပုံများ၊ Video များကို ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ဖျက်သိမ်းရပ်တန့်ပေးရန် သတိပေးလိုက်ပါသည်။ ဖျက်သိမ်းရပ်တန့်ခြင်းမပြုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီအမှုဖွင့်၍ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **အရှင်ဇဝန** | **ဒေါ်သန်းသန်းစိုး (LL.B, D.I.L)** |
| **သာသနာဝင်အမှတ်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၇)** |
| **၈/ပခက (သ) ၀၀၁၉၇၀** | **၄၁x၄၂လမ်းကြား၊ ၈၉လမ်း၊ အကွက်(၄၁၃)၊** |
| | **ရွှေကူရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊** |
| | **မန္တလေးမြို့၊ ဖုန်း-၀၉-၇၆၆၄၄၅၀၅၇** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ်(1A, 72) နေ ဦးပြည့်ဖြိုးနောင် ၁၂/လသန(နိုင်)၀၂၀၈၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသဝတီလမ်း၊ တိုက်အမှတ် (၁၁၁၉)၊ တိုက်ခန်းအမှတ် (၅)၊ စတုတ္ထထပ် (၅-လွှာ)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂$\frac{1}{2}$ x ၅၄)ပေရှိသော တိုက်ခန်းကို ဒေါ်သင်းသီရိသွင် ၁၂/လမန(နိုင်)၁၄၃၉၃၂ ကသာ လက်ရှိထားပိုင်ဆိုင်ကာ အကျိုးခံစားခွင့်ရှိပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးပြည့်ဖြိုးနောင် ၁၂/လသန(နိုင်)၀၂၀၈၅၆ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးပြည့်ဖြိုးနောင်** | **ဒေါ်မြမှူးသွင်(LL.B)** |
| **၁၂/လသန(နိုင်)၀၂၀၈၅၆** | **အထက်တန်းရှေ့နေ(စဉ်-၅၄၃၂၁)** |
| | **အမှတ်(၃၁၂)၊ဗိုလ်အောင်ကျော်လမ်း၊** |
| | **(၁/၁၃)ရပ်ကွက်၊လှိုင်သာယာမြို့နယ်** |
| | **ဖုန်း-၀၉-၉၆၁၈၃၀၁၂၀** |

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မကျီးကုန်းရပ်နေ၊ အရှေ့လားသော် လမ်း၊ အနောက်လားသော် မြေကွက်အလွတ်၊ တောင်လားသော် မြေကွက်အလွတ်၊ မြောက်လားသော် သမုန်းကုန်း (၂) လမ်း၊ ၎င်းအလား (၄) ရပ်အတွင်းရှိ ဒေါ်ဌေးဌေးမြင့် ၉/မထလ(နိုင်)၀၀၀၄၂၆ မှ (အလျား ၂၂'-၀''x အနံ ၃၄'-၀") RC(၁)ထပ်ခွဲ Slabမိုး အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

## CNG စာအုပ်ပျောက်

ဦးရန်အောင်မြင့် ၁၂/ဥကမ(နိုင်)၂၀၁၆၁၃ ပိုင်ဆိုင်သော BB/7588 ၏ CNG စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၁၉၃၂၀**

## OWIC ပျောက်ဆုံးကြောင်း

ကျွန်တော် ပြည့်ဖြိုးအောင် ၅/ခဥန(နိုင်)၁၀၅၅၅၄ ၏ OWIC ကတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၂၄၇၁၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/79018 Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ပပလွင် ၉/ပဥလ(နိုင်) ၀၉၁၇၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/47592 Yunde - 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွှန့်လှိုင် ၈/သရန(နိုင်) ၀၁၉၆၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၂၅)၊ မြရည်နန္ဒာအိမ်ရာ၊ (၄) ခန်းတွဲ (၆) ထပ်၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၁၇)၊ စတုတ္ထထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မာဆွေ (ဘ)ဦးကြွယ်မောင် ၉/စကန(နိုင်)၀၀၇၀၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းလွှဲပြောင်းခြင်းဥပဒေအရ ဥပဒေနှင့်အညီ လွှဲပြောင်းပြီးပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်း ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သင်းသင်းဦး (ဘ)ဦးတင်ဦး** | **ဦးညီညီချစ် (တရားလွှတ်တော်ရှေ့နေ)** |
| **၉/မနမ(နိုင်)၀၃၄၁၉၁** | **(စဉ်-၄၃၆၀)B.Sc, M.Sc (physics),** |
| | **D.B.L, H.G.P, RL (ADVOCATE)** |
| | **ဒေါ်မိုးမိုးခိုင် (စဉ်-၁၃၀၂၆) ဒေါ်ရတနာချစ်စု (စဉ်-၁၃၃၄၆)** |
| | **ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇)** |
| | **တရားလွှတ်တော်ရှေ့နေများ** |
| | **၈၇ အေ-လမ်း၊ ၃၄လမ်း x ၃၅လမ်းကြား၊** |
| | **မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၂၀၀၃၆၉၀၊ ၀၉-၂၀၅၀၅၆၆** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၂၅) မြရည်နန္ဒာအိမ်ရာ၊ (၄) ခန်းတွဲ (၆) ထပ်၊ တိုက်အမှတ် (၄)၊ အခန်း အမှတ် (၁၆)၊ တတိယထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်အိမြတ်ခိုင်(ဘ) ဦးလှဝင်း ၅/ထခန(နိုင်)၀၆၇၀၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းလွှဲပြောင်း ခြင်းဥပဒေအရ ဥပဒေနှင့်အညီ လွှဲပြောင်းပြီးပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဟေမာန်ဝင်းမောင်(ဘ)ဦးဝင်းမောင်** | **ဦးညီညီချစ်** |
| **၈/ပခက(နိုင်)၁၄၃၅၃၄** | **(တရားလွှတ်တော်ရှေ့နေ)** |
| | **(စဉ်-၄၃၆၀ )** |
| | **B.Sc, M.Sc (physics), D.B.L, H.G.P, RL (ADVOCATE)** |
| | **ဒေါ်မိုးမိုးခိုင်(စဉ်-၁၃၀၂၆)** |
| | **ဒေါ်ရတနာချစ်စု(စဉ်-၁၃၃၄၆)** |
| | **ဒေါ်သန်းသန်းစိုး(စဉ်-၁၅၂၆၇)** |
| | **(တရားလွှတ်တော်ရှေ့နေများ)** |
| | **၈၇ အေ-လမ်း၊၃၄လမ်းx၃၅-လမ်းကြား၊** |
| | **မန္တလေးမြို့၊** |
| | **Ph-09-2003690, 09-2050566** |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ် (၄၉/ခ)နေ (ဘ)ဦးဒါနီလေ၏သမီး ဒေါ်မေရီထုမိုင် (ခ) မထုဘွတ် ၁၃/ကခန(နိုင်)၀၅၅၀၂၀ မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မေရီထုမိုင် (ခ) မထုဘွတ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RKE/4987 Honda Click 125, M/C အား စစ်တွေမြို့၊ ဆေးရုံဝင်းရပ်ကွက်နေ မညွန့်ညွန့်ဝေ ၁၁/မပန(နိုင်)၁၂၇၀၂၆ က ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ) သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဘဲရမ်းဆီအုန်းခြံမြေ (၁၀ ဒသမ ၃၅) ကေတွင် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းကို ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **အဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက်၊ အချိန်၊ နာရီ** | - ၂၆-၂-၂၀၂၆ရက်၊ ကြာသပတေးနေ့မှ ၉-၃-၂၀၂၆ရက်၊ တနင်္လာနေ့အထိ နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ |
| (ခ) | **အဆိုပြုလျှောက်လွှာတန်ဖိုး** | - (၅၀၀၀၀)ကျပ် |
| (ဂ) | **အဆိုပြုလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်၊ အချိန်၊ နာရီ** | - ၁၀-၃-၂၀၂၆ရက်၊ အင်္ဂါနေ့ (၁၅:၀၀)နာရီ |
| (ဃ) | **ဖွင့်လှစ်မည့်ရက်** | - ၁၁-၃-၂၀၂၆ရက်၊ ဗုဒ္ဓဟူးနေ့ |
| (င) | **နေရာ** | - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့ |

၂။ အဆိုပြုလွှာဖိတ်ခေါ်မှုနှင့် စပ်လျဉ်း၍ ယှဉ်ပြိုင်သည့်ကုမ္ပဏီမှသာ သိစေအပ်သည့် အသေးစိတ် အချက်အလက်များကို အခြားလူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုပါကြောင်း သဘောတူညီချက် တင်ပြမှုဖြင့် လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂ နှင့် ၀၉-၄၂၀၇၀၁၉၆၀ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့် အုပ်စု (RA) - (RA-1) အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၁၂၁၀) အကျယ်အဝန်း(၄၀'X၆၀')ရှိ မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၁၂၁၄/၂၀၂၀)အရ ဒေါ်ညွန့်တင် (၁၂/တတန(နိုင်) ၁၁၀၇၃၃)အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အဆိုပါမြေကွက်၏ မြေပေးမိန့်မူရင်းအား အရပ်ကတိ အစပ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဟွာကြည်ယုံ (၁၃/လရန (နိုင်) ၁၃၁၈၈၆)မှ မိမိမှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့်၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီတရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ထွေးဇာခြည်(LL.B) (D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)

**ဒေါ်ညိုမြာ (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)

**အခန်းအမှတ်(308) Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄။**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City၊ City Loft -10၊ အမှတ် (၅၁၆)၊ အကျယ်အဝန်း(၄၈၄)စတုရန်းပေ ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဆွေဦး (၁၂/မဘန (နိုင်) ၀၀၀၄၇၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အေးမိုမိုစန့် (၁၂/ဗတထ(နိုင်)၀၄၂၀၅၀)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ဃ/၄၃၄၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်) ၁၇၉၅၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/8257 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၂၆၈၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းရွှေအေး ၁၀/ခဆန(နိုင်) ၀၅၈၈၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ဃ/၃၇၉၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ကိုကိုထက် ၁၀/မဒန(နိုင်) ၂၇၈၂၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

**သစ်တောသစ်ပင်**
**ဒို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး**
**အလှတိုး**

## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထောင်/စခန်းများ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်နှင့် (အရန်တစ်လစာအပါ)လိုအပ်သော ဆန်ငစိန် (၂၅ ရာခိုင်နှုန်း)နှင့် ၎င်းထက်အရည်အသွေးမနိမ့်သော ရိက္ခာဆန် (၁) အိတ် (အိတ်ခွံမပါ ၁၁၀ ပေါင်) (၂၉,၆၂၉) အိတ်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ ပေးသွင်းရမည့်နေရာများမှာ ပုသိမ်ထောင် (၉,၂၉၈) အိတ်၊ မြောင်းမြထောင် (၁၀,၀၁၄) အိတ်၊ ဟင်္သာတထောင် (၃,၄၀၉) အိတ်၊ မအူပင်ထောင် (၂,၈၅၀) အိတ်၊ ဖျာပုံထောင် (၁,၉၈၂) အိတ်၊ ကစကဲစခန်း (၈၉၃) အိတ်၊ဆားမလောက် စခန်း (၄၄၇) အိတ်၊ ငှက်ပေါက်စခန်း (၇၃၆) အိတ်ဖြစ်ပါသည်။

၂။ တင်ဒါသွင်းသူသည် ပေးသွင်းမည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဘဏ်၌ PO Cheque ပြုလုပ်၍ယှဉ်ပြိုင်သည့်ရက်၌ တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ တင်သွင်းမည့် ရိက္ခာဆန်နမူနာ (၁) ပေါင်အိတ် (၅) အိတ်ကို ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ဒါလျှောက်လွှာဝယ်ယူစဉ် တစ်ပါတည်းတင်ပြရမည်၊ တင်ဒါစာရွက်များကို အိတ်ပိတ်စာအိတ်ဖြင့် တင်သွင်းရမည်ဖြစ်ပြီး အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက်။ ၂၇-၂-၂၀၂၆ ရက်မှ ၁၂-၃-၂၀၂၆ ရက်ထိ ရုံးချိန်အတွင်း၊ အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၌ တစ်စောင်လျှင် (၁၇၆,၂၉၃/-) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

(ခ) တင်ဒါရောင်းချခြင်းကို ၁၂-၃-၂၀၂၆ ရက်၊ (၁၆၀၀) နာရီ၌ ပိတ်မည် ဖြစ်ပါသည်။

(ဂ) တင်ဒါဖွင့်မည့်ရက်။ ၁၃-၃-၂၀၂၆ ရက်၊ နံနက် (၁၀၀၀) နာရီဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပုသိမ်မြို့၌ ဖြစ်ပါသည်။ (ရက်အပြောင်းအလဲ ရှိနိုင်ပါသည်။)

၄။ တင်ဒါရွေးချယ်ခြင်းမပြုသူများအား သီးခြားအကြောင်း ပြန်ကြားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**ဖုန်း-၀၄၂-၂၄၂၈၅၊ ၀၄၂-၂၄၂၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ရွှေအင်ဒုံကျေးရွာ၊ ရွှေအင်ဒုံကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၁၁က၊ ကွင်းအမည် ကောလိသမြို့မြောက်၊ ဦးပိုင်အမှတ်(၇၇/၄)၊ ဧရိယာ (၁ ဒသမ ၀၀) ဧကအား ဒေါ်ညွန့်သိန်းအမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်းဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက စက်မှုစီးပွားမြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၈)၊ ဥသဖုယားလမ်း၊ မြေကွက်အမှတ် (၃၆၂)၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (အလျား ၂၀ x အနံ ၆၀) ပေ ဒေါင့်ဘက်ခြမ်း၊ ပါမစ်အမည်ပေါက် ဦးညွန့်မောင် ( AA-037984) အမည်ပေါက် ပါမစ်မူရင်းစုံမြေကွက်နှင့် တစ်ထပ်အဆောက်အအုံ၊ ရေ၊ မီး၊ မီတာပါဝင်သော မြေကွက်ကို (ဘ) ဦးထွန်းလွင်၏သမီး ဒေါ်ရီရီဝေ ၃/ဘအန (နိုင်)၀၂၅၁၀၅ မှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်တော်၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်နွယ်ထွန်း ၉/မခန(နိုင်)၂၂၈၆၅၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်တော်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇) ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခိုင်နွယ်ထွန်း**
**၉/မခန(နိုင်)၂၂၈၆၅၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲဆုဝင်းလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၁၂၄၇၃)**
**အမှတ် (၁၈၁၃)၊ မင်းရဲကျော်စွာ (၁) လမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၅၃၂၂၂၁၊ ၀၉-၇၇၉၀၄၁၇၃၅**

## ကွယ်လွန်သူ ကျန်ရှိရစ်သော တိုက်ခန်းနှင့်ပတ်သက်၍ ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (တောင်)ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၁၅၅) ဟုခေါ်တွင်သော (၃) ခန်းတွဲ (၈) လွှာ ကန်ထရိုက်တိုက်၏ ပထမထပ် (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အစွန်) တိုက်ခန်းသည် ဒေါ်တင်တင်စိုး ၁၂/မဂတ(နိုင်)၀၆၈၅၁၄မှ အဆိုပါ တိုက်ဆောက်လုပ်ပြီးကာလကစ၍ ပိုင်ဆိုင်နေထိုင်လာခဲ့သော အခန်းဖြစ်ပါသည်။

ဒေါ်တင်တင်စိုးသည် ၂၉-၇-၂၀၂၅ ရက်တွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားခဲ့ပါသည်။ ဒေါ်တင်တင်စိုးသည် အပျိုကြီးတစ်ဦးဖြစ်ပြီး ၎င်းကွယ်လွန်ချိန်၌ ညီအစ်ကိုမောင်နှမ သွေးရင်းသားရင်းများ မကျန်ရှိဘဲ ဒေါ်တင်တင်စိုး၏ အစ်ကိုတော်သူမှ မွေးဖွားသော တူအရင်းဖြစ်သူ ဦးပြည့်ဖြိုးမောင် (၁၂/ဥကတ(နိုင်)၀၆၈၅၁၂ မှ အမွေဆက်ခံသူအဖြစ် တစ်ဦးတည်း ကျန်ရှိရစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းသည် ဦးပြည့်ဖြိုးမောင်၏ လက်ဝယ်၌သာ အမွေပုံပစ္စည်းအဖြစ် ကျန်ရှိရစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူဟု အဆိုရှိသူသည် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဒင် (LL.B)**
**ဒေါ်ဝေဝေလွင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း - ၀၉ ၅၄၀၂၇၇၄၊ ၀၉ ၄၂၁၁၆၄၀၉၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/5468 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ဃ/၉၈၁၄၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/9947 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7125, MAN STARMEDIUM TRUCK, Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် ၉/ပကခ(နိုင်)၀၁၁၂၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/8469, TOE M.P.V(TMPV- 01), MICRO BUS (4x2)R (M.P.Y) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၉/တသန(နိုင်) ၁၃၇၇၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွှေကြာပင်ရှိ ဦးခင်မောင်တင့် (ဘ) ဦးစိုး ၉/ပမန(နိုင်)၁၁၄၁၆၈ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (၇၆)၊ ဧရိယာ (၀ ဒသမ ၀၈၂) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ယေ့ရှန်း (ဘ) ဦးညီထွန်း ၁၃/မယန(နိုင်) ၀၅၀၂၄၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ (၀ ဒသမ ၄၆၃) ဧက၊ မြေကွက်အမှတ် (OS-၂၃)၊ ဦးသိန်းဝင်း ၁၃/လရန(နိုင်)၀၃၆၇၀၅ (ဘ) ဦးချစ်စိန် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးသိန်းဝင်း ၁၃/လရန(နိုင်)၀၃၆၇၀၅ (ဘ) ဦးချစ်စိန်မှ The Great Merger Co.,Ltd အမည်ဖြင့် မှတ်ပုံတင်မြေနေရာငှားရမ်းခြင်း စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၅၆၊ မြေကွက် အမှတ်- ၇၃၄ ဟုခေါ်တွင်သော ၄၀ ပေ x ၆၀ ပေ အကျယ်ရှိ ဦးခင်မြင့် (AA-099144) အမည် ပေါက်လျက်ရှိသော ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် ၂၀ ပေ x ၆၀ ပေ အကျယ်ရှိမြေကွက်၏ (ဘယ်ဘက်ခြမ်း) အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ဆောက်လုပ်ထားသည့် အိမ်အပါအဝင်မြေကွက်အား မူလအမည်ပေါက်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်ခင်ဖုန်းမြင့်(PAN-213106) ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာမြင့် ၁၂/ဥကတ(နိုင်)၀၆၀၈၇၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ယခုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၀၅၈/၂၉-၇-၂၀၁၄)**

**ဦးသက်နောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၃၃၄/၂၇-၄-၂၀၁၈)**

**တိုက်- ၉/၁၁ ၊ အခန်း- ၀၀၅/B ၊ ၃၆- လမ်း(တို) ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၇၄၀၈၁၅၈၅ ၊ ၀၉-၂၅၄၃၀၉၄၉၇**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဆရာမကြီး ဒေါ်စက်ညွန့်
### အသက်(၁၀၅)နှစ်

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်နေ (ဦးပိတ်စိန်)၏ဇနီး၊ (ဦးဝင်းနိုင်) + (ဒေါ်ပြုံးပြုံးသန်း)၊ (ဆရာဦးမြင့်သူ) + ဒေါ်သိန်းသိန်းဝင်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးသိန်းဇော် + ဒေါ်မူမူဝင်း၊ (ဦးလွန်းပြေ(ခ)ဦးဝင်းမြင့်) + ဒေါ်နွယ်နွယ်ဝင်း၊ ဆရာမဒေါ်သိင်္ဂီဝင်း၊ ဦးဘသန်း + (ဒေါ်နီလာဝင်း)၊ ဦးယုနိုင်၊ ဦးသူရိန်ဝင်း + ဒေါ်အားနန်၊ ဒေါ်ကေသွယ်ခိုင်ဝင်း တို့၏ မွေးသမိခင်၊ မြေး(၂၀)ယောက်၊ မြစ်(၂၄)ယောက်တို့၏ ဘွားဘွားကြီး ဒေါ်စက်ညွန့်သည် ၂၆-၂-၂၀၂၆ရက်(ကြာသပတေးနေ့) ညနေ (၆:၃၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၂၈-၂-၂၀၂၆ ရက် (စနေနေ့) နံနက် (၈:၃၀) အချိန်တွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၄၀၄)အင်ကြင်းမြိုင်လမ်းသွယ်(၁) သုဝဏ္ဏနေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်မြ
### အသက် (၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးသာအေး-ဒေါ်အေး)တို့၏ ချွေးမ၊ (ဦးလှ-ဒေါ်ညွန့်)တို့၏ သမီး (ဦးကျော်မြင့်)၏ဇနီး၊ ဦးထင်ကျော်-ဒေါ်စန်းစန်းလှိုင်၊ (ဦးအောင်မိုး)-ဒေါ်စောစောမြ၊ ဒေါ်မြသော်တာ၊ ဒေါ်မြငြိမ်းငြိမ်း၊ ဦးနေလ-ဒေါ်ငွေးငွေးလွင်၊ ဒေါ်ရွှေအိမ်သီ၊ ဒေါ်မြအိမ်သီ၊ ဦးနေလင်း-ဒေါ်ယဉ်ယဉ်ငွေးတို့၏မွေးမိခင်၊ မြေး (၇) ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၂၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၇ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 17W/50587 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

## ဦးကျော်တင်(ခ)(Kenneth On Tin)
B.Com.,A.A, C.P.A
ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)
Kyaw & Kyaw, Certificate Accountants
မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်
ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်-ဥက္ကဋ္ဌ
မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း-အလုပ်အမှုဆောင်
ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း-ဒုဥက္ကဋ္ဌ
မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ-အဖွဲ့ဝင်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ် (၇၄/က) နေ (ဦးအုံးတင် - ဒေါ်တင်မာဝင်း) တို့၏ ချစ်လှစွာသောသား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မာလာမြိုင်ရိပ်သာလမ်းနေ (ဦးတင်မှန်-ဒေါ်မြဆက်) တို့၏ သားသမက်၊ ဒေါ်အေးအေးမှန် ၏ချစ်လှစွာသော ခင်ပွန်း၊ မယုကျော်တင် - Stephen Traina Dorge၊ ကိုမျိုးကျော်တင်-မသန္တာလှိုင် တို့၏ချစ်လှစွာသော မွေးသဖခင်၊ (ဒေါက်တာဒေါ်နီတာအုံးတင်)-ဒေါက်တာ ဦးတင်မောင်အေး တို့၏ ချစ်လှစွာသောမောင်၊ ဒေါက်တာဦးဝင်းတင်(UK)-ဒေါက်တာ ဒေါ်ဖြူဖြူ (UK)၊ (ဒေါ်ခင်လေးတင်) - ဦးမောင်မောင်ငွေး၊ ဦးညီညီအုံးတင် - ဒေါ်နိုင်နိုင်ကြည်၊ ဒေါ်မေမီအုံးတင် တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ မခိုင်တင်မောင်အေး၊ မောင်လင်းတင်မောင်အေး တို့၏ဦးလေး၊ ဒေါက်တာအောင်ဝင်းတင် (UK) - Dr.Rebecca Win Tin (UK)၊ မောင်ဇော်မောင်မောင်ငွေး - မမေကလျာရဲမြင့်၊ မဇင်မောင်မောင်ငွေး၊ မဇွန်မောင်မောင်ငွေး၊ မောင်တင်မောင်မောင်ငွေး - မသက်ထားရွှေစင်၊ မောင်မိုးညီအုံး တို့၏ဘကြီးသည် ၂၆-၂-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက် ၆:၂၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ (SSC) ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၂-၂၀၂၆ ရက်(စနေနေ့) နံနက် ၉:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်တင် (ခ)(Kenneth On Tin)
B.Com., A.A., C.P.A
ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)
ဥက္ကဋ္ဌ
ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
### အသက် (၇၃)နှစ်

သည် (၂၆-၂-၂၀၂၆)ရက် ကြာသပတေးနေ့နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌကြီး၏ ဘဏ်အပေါ် စေတနာထားဆောင်ရွက်ခဲ့သည်များကို အောက်မေ့သတိရစွာဖြင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဝန်ထမ်းများ
ပထမပုဂ္ဂလိကဘဏ်လီမိတက်

## ပတ်စ်ပို့ပျောက်

နမ့်စန်မြို့၊ ဟိုင်းနားကြီးအုပ်စု၊ နားရိုင်းရွာနေ (ဘ) ဦးစန်းဝင်း(ခ) လောယူ၏သမီး မတင်ထူးဝေ ၁၃/နစန(နိုင်)၁၂၃၃၉၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-640368) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၀၀၃၆၃၆

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့ မူလွန်သာယာအေး(ရှေ့) မှ အလပြ ဆရာမ ဒေါ်မေရှင် (၈/ရစက(နိုင်)၀၅၀၆၁၄) ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၃-၅-၁၉၆၅) ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ဦးအောင်မင်းမြတ် ၁၂/တမန(နိုင်)၁၂၉၉၅၉ အမည်ပေါက် All in One (ERP 140469)နှင့် SID (MS0086503)တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၈၂၉၅၁၁

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မောင်လှ
ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ဆောက်လုပ်ရေး
### အသက် (၈၂)နှစ်

မော်လမြိုင်မြို့နေ (ဦးလှဖေ-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးဘိုကြီး-ဒေါ်အေးကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ရွှေသရဖီ (၃)လမ်း၊ အမှတ် H 116 နေ (ဒေါက်တာ ဒေါ်ငွေးငွေးအောင်)၏ခင်ပွန်း၊ (ဦးဝင်းသူရ)၊ ဦးမျိုးအောင်-ဒေါ်တင်လဲ့လဲ့အောင်၊ ဦးကျော်သူရ၊ ဦးကုဋ္ဌေသူရ-ဒေါ်နန်းဖောင်နွမ်း၊ ဦးကျော်ဝင်းခိုင်-ဒေါ်အိတင်ဇာအောင် တို့၏ မွေးသဖခင်၊ မောင်ဖြိုးသီဟကျော်၊ မောင်ဇွဲသီဟအောင်၊ မအေးချမ်းချမ်းအောင်၊ မောင်ဝီလျံခိုင်၊ မောင် Rickey ခိုင်၊ မောင် Kelvin မိုးသူရ၊ မောင် Ray စိုင်းသူရ၊ မဟေဇယ်အိခိုင်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၅-၂-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီ၌ (၉၆) ပါးသောရောဂါဖြင့် ပန်းလှိုင်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၂၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၆ ရက် နံနက် ၈ နာရီတွင် FMI City ရွှေသရဖီ (၃)လမ်း၊ အမှတ် H 116 နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှမြင့်ဆွေ
### အသက်(၇၅)နှစ်

မန္တလေးမြို့၊ မဟာဇေယျာဘုံရပ်ကွက်၊ ၂၅လမ်းx၆၂(ဘီ)လမ်းထောင့်နေ ဦးမင်းသုခလှိုင်-ဒေါ်ကေသီဦး၊ ဦးစိုးဝဏ္ဏလှိုင်-ဒေါ်ရတနာငွေး တို့၏ဖခင်၊ ဒေါ်ခင်ငွေးကြည် ၏အစ်ကို၊ မောင်ဇမ္ဗူမင်း၊ မောင်ကိုကိုလင်းခန့် တို့၏အဘိုး ဒေါ်ခင်စန်းကြည် ၏ ချစ်လှစွာသောခင်ပွန်းသည် (၂၅-၂-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၂၈-၂-၂၀၂၆) ရက် (စနေနေ့) နံနက်(၁၁:၀၀)နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်တင် (ခ)(Kenneth On Tin)
B.COM., A.A., C.P.A
ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)
ဥက္ကဋ္ဌ
ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
### အသက် (၇၃)နှစ်

သည် (၂၆-၂-၂၀၂၆) ရက် ကြာသပတေးနေ့နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌကြီး၏ ဘဏ်အပေါ် စေတနာထားဆောင်ရွက်ခဲ့သည်များကို အောက်မေ့သတိရစွာဖြင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်တင်
ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)
ပထမပုဂ္ဂလိကဘဏ် (ဥက္ကဋ္ဌ)
### အသက် (၇၃) နှစ်

ပထမပုဂ္ဂလိကဘဏ် ၏ ဥက္ကဋ္ဌ ဖြစ်သူ ဦးကျော်တင် သည် ၂၆-၀၂-၂၀၂၆ ရက်(ကြာသပတေးနေ့) နံနက် ၆:၂၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ ဥက္ကဋ္ဌကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

ဦးအောင်မိုးကျော်+ဒေါ်မာမာထွန်း
မိသားစု
AMMK Investment Holding Co.,Ltd

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7348 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဦးမောင်မောင်ကျော်
ညွှန်ကြားရေးမှူး(အကောက်ခွန်ဦးစီးဌာန)
B.Sc (D.S.A)
စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(B)၊ အခန်း(၄၀၂)၊ ပညာဝတီအိမ်ရာနေ (ဦးညီပု)-ဒေါ်တင်တင်ဝင်းတို့၏သား၊ ဦးမောင်မောင်စိုး၏ညီ၊ ဦးမျိုးမင်း-ဒေါ်မေညီဝင်းတို့၏အစ်ကို၊ ဒေါ်မေသက်ဝင်း၊ ဒေါ်မေမာဝင်းတို့၏ အစ်ကိုဖြစ်သူ ဦးမောင်မောင်ကျော် အသက်(၅၆)နှစ်သည် ၂၆-၂-၂၀၂၆ ရက်(ကြာသပတေးနေ့)နံနက် (၁၀:၁၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၂-၂၀၂၆ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ကျော်
ညွှန်ကြားရေးမှူး(အကောက်ခွန်ဦးစီးဌာန)
B.Sc (D.S.A)
စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(B)၊ အခန်း(၄၀၂)၊ ပညာဝတီအိမ်ရာနေ (ဦးညီပု) - ဒေါ်တင်တင်ဝင်း တို့၏သား၊ ဦးမောင်မောင်စိုး၏ညီ၊ ဦးမျိုးမင်း-ဒေါ်မေညီဝင်း တို့၏အစ်ကို၊ ဒေါ်မေသက်ဝင်း၊ ဒေါ်မေမာဝင်းတို့၏ အစ်ကိုဖြစ်သူ ဦးမောင်မောင်ကျော်၊ အသက်(၅၆)နှစ်သည် ၂၆-၂-၂၀၂၆ ရက် (ကြာသပတေးနေ့)၊ နံနက် (၁၀:၁၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/4431 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

❖ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများ အနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး အရ ဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ် ...

❖ မိမိတို့နိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယခုရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲ တစ်ခုဟု ပြောနိုင်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရှင်းလင်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေး၊ ဗထူးတပ်နယ်ရှိ ကျောင်းအုပ်ကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❒

## နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရီးရဲမက်ဒရစ်က ဘင်ဖီကာကို နိုင်ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်ရောက်




ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ဒုတိယအကျော့အဖြစ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီခွဲက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီကလပ် ဘင်ဖီကာ အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် ဘင်ဖီကာ အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ၁၆ သင်းအဆင့် သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၁ ❖

ရီးရဲမက်ဒရစ်အသင်းအတွက် ဒုတိယဂိုးသွင်းယူပြီးနောက် တောင်ပံ တိုက်စစ်ကစားသမား ဗင်နီစီးယပ်စ် အောင်ပွဲခံစဉ်။

### ယနေ့ သတင်းအညွှန်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးသူများတွင် လူငယ်များ ပါဝင်မှု ရာခိုင်နှုန်းများပြား စာ ၁၁



အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ စာ ၃၂